# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၃) ရက်မြောက်နေ့ အစီအစဉ်

## [ ၈–၁၂–၂၀၁၆ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့ရှိတလှိုင်းမှ ရွာသစ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အား မည်သည့်ကာလတွင် အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ညနေပိုင်း အင်ဂျင်နီယာသင်တန်းများဖြစ်သော E.T.E.C (ဒီပလိုမာ) နှင့် E.G.T.I (ဒီပလိုမာ) သင်တန်းများဖွင့်ပေးနိုင်ခြင်း ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **ကျောင်းဆရာ၊ ဆရာမများ၏ အပြောင်းအရွှေ့ကိစ္စများအား စာသင်နှစ်အတွင်း ပြုလုပ်ပေးနေသည့် စနစ်နေရာတွင် နွေရာသီကျောင်းပိတ်ရက် ကာလအတွင်းတွင်သာ ပြုလုပ်ပေးမည့် စနစ်ဖြင့် အစားထိုးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **နိုင်ငံအတွင်း ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် မူခင်းကြိုတင်ကာကွယ်ရေး မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ ကန်စွယ် ကျေးရွာမှ နေထိုင်စရာအခက်အခဲများဖြင့် ကြုံတွေ့နေရသော မိသားစုများ၏ အခက်အခဲကို ဖြေရှင်းသောအားဖြင့် မူလက သိမ်းဆည်းခဲ့သော လစ်လပ်နေသည့် မြေကွက်များအား ပြန်လည် နေရာချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **Multi- Level Marketing (MLM) (ဆင့်ပွားကွန်ရက်ချိတ် ဈေးရောင်းလုပ်ငန်း) ကို တားမြစ် ကန့်သတ်ပိတ်ပင် အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်က **"နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီး စေသော "တရားမဝင် လောင်းကစားမှု"များကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ် ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက် ချေးပေးသော ပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း–

(က) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ခ) ဦးအောင်သန်း၊ သဲကုန်း မဲဆန္ဒနယ်၊

(ဂ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၊

(ဃ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(င) ဦးသန်းထွန်းမြင့်၊ ကလေးဝ မဲဆန္ဒနယ်၊

(စ) ဗိုလ်မှူးကျော်မင်းဟန်၊ တပ်မတော်သား ကိုယ်စားလှယ်၊

(ဆ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
## (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၉၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ်ဦးရေ ၃၉၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်ရှင်။ ၎င်းတို့ကတော့-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၂) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၂ ရက်၊

(၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်၊

(၄) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၉ ရက်၊

(၅) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၂ ရက်၊

(၆) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၈) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊

(၉) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁ ရက်၊

(၁၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟ ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း ခွင့် ၁ ရက်၊

(၁၃) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)ဦးမောင်တင်သစ် ခွင့် ၁ ရက်၊

(၁၄) မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် ခွင့် ၁ ရက်၊

(၁၅) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်နှင့်

(၁၆) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ရှင်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၀ ဦး ဖြစ်ပါတယ်ရှင်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

မူကြမ်း

အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့ရှိ တလိုင်းမှ ရွာသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား မည်သည့်ကာလတွင် အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ဂါရဝတရားရှေ့ထားပြီးတော့ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်အား ကျွန်တော် ရိုသေစွာ ဦးစွာပန်ကြားလိုပါတယ်။ ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့ရှိ တလိုင်းမှ ရွာသစ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား မည်သည့်ကာလတွင် အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန်ဆိုသည့် မေးခွန်းဟာ မေးရိုးမေးစဉ်မေးခွန်းမျှသာဖြစ်သည်ဟု ယူဆနိုင်သော်လည်းပဲ ထူးခြားသောသမိုင်း၊ ထူးခြားသောဖြစ်ရပ်၊ ဖြစ်စဉ်တို့အပေါ်မှာ တစ်ချိန်က တာဝန်ရှိအဖွဲ့အစည်းများရဲ့ သတိမမူဂရုမမြင်၊ ပညာရှိသတိဖြစ်ခဲဖြစ်ခဲ့တာမို့ အမှုမဲ့အမှတ်မဲ့ထားခဲ့ရတဲ့ ကြွေးကျန်တစ်ရပ်ကြောင့် ပြည်သူတွေရဲ့ ဝေဖန်သံ၊ ထောက်ပြသံ သားသမီးရဲ့အရေး ရင်မအေးရသေးတဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့အသံလွှတ်တော်အသံဆိုတဲ့ ဆောင်ပုဒ်တစ်ရပ်နှင့်အညီ ဤလွှတ်တော်သဘင်ကြီးဆီသို့ ပြည်သူ့အသံကို

ကျွန်တော်သယ်ဆောင်လာရခြင်းပဲဖြစ်ပါတယ်။ အထက်ပေါင်းလောင်းရေလှောင်တမံ တည်ဆောက်တဲ့ အခါမှာ ကျေးရွာပေါင်း ၂၂ ရွာက ရေဝပ်ဇရိယာအောက်သို့ရောက်သွားပြီးတော့မှ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာလည်းပဲ ကျွန်တော် မေးခွန်းမေးခဲ့ဖူးပါတယ်။ တာဝန်ရှိဝန်ကြီးဌာနအနေနဲ့ လည်းပဲ မူလအခြေအနေထက် ပို၍သာလွန်ကောင်းမွန်သောအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါမည်ဟု ကတိပေးခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများအားလည်းကောင်း ရှင်းလင်းပြတ်သားစွာ ခံစားမှုပြုနိုင်အောင် တင်ပြရန် တာဝန်ရှိတဲ့အတွက် အနည်းအကျဉ်း အချိန်ပိုသွားပါက ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံအား ညှာတာ ထောက်ထားသောအားဖြင့် အခွင့်အရေးပိုယူသည်ဟု မှတ်ယူခြင်းမပြုဘဲ ခွင့်ပြုပေးနိုင်ပါရန် အနူးအညွတ်ပန်ကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုံမှန်အချိန်ပဲရပါမယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ကျွန်တော် ဆက်လက်တင်ပြခွင့်ပြုပါ။ ဖော်ပြပါ ရေလှောင်တမံတည်ဆောက်ခြင်းဟာ ရေဝပ်ဇရိယာ ၂၂ ရွာကိုစုစည်းပြီးတော့မှ တည်ဆောက်ထားတဲ့ရွာတစ်ရွာဖြစ်ပါတယ်။ ဒီရွာဟာ မြန်မာလူမျိုး ၂၅ ရာခိုင်နှုန်း၊ တခြားတိုင်းရင်းသား ၇၅ ရာခိုင်နှုန်း နေထိုင်တာဖြစ်ပါတယ်။ ဒါ ပေါင်းလောင်းရေလှောင် တမံ တာတမံဖြစ်ပါတယ်။ ဒီရေလှောင်ကန်တာတမံကို သာယာလှပပြီးတော့ ရှုမငြီးတဲ့မြင်ကွင်းများကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ ပေါင်းလောင်းရေလှောင်တမံမှာတည်ဆောက်ထားတဲ့ ရေအားလျှပ်စစ် စက်ရုံဖြစ်ပါတယ်။ ပေါင်းလောင်းချောင်းမှစီးဆင်းလာတဲ့ ပေါင်းလောင်းချောင်းဖြစ်ပြီးတော့မှ ဒီချောင်း ပေါ်မှာ (ရေအားလျှပ်စစ်) အထက်ပေါင်းလောင်း၊ အလယ်ပေါင်းလောင်း၊ အောက်ပေါင်းလောင်း ဆိုပြီးတော့မှ ရေအားလျှပ်စစ်စီမံကိန်းတွေ တည်ရှိတာဖြစ်ပါတယ်။ ဒါ ပေါင်းလောင်းရေပြင်၊ ပေါင်း လောင်းဆည်ဖြစ်ပါတယ်။ ဒီရေပြင်အောက်မှာဆိုရင် တစ်ချိန်တုန်းက ကျေးရွာပေါင်း ၂၂ ရွာမှာ ရေမြုပ်ခဲ့တာဖြစ်ပါတယ်။ ရေမြုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ စိုက်ပျိုးမြေတွေ၊ စေတီတွေ၊ ဘုရားတွေ၊ ကျောင်းကန်တွေ၊ နောက် စာသင်ခန်း၊ စာသင်ကျောင်းတွေပါ ပြောင်းရွှေ့ခဲ့ရပါတယ်။ ပေါင်းလောင်း ချောင်းရေပြင်ကြီးကိုဖြတ်ပြီးတော့မှ တည်ဆောက်ထားတဲ့ လိန်းနီတံတားဖြစ်ပါတယ်။ ဒီလိန်းနီကြိုး တံတားဟာ ထင်ရှားလှပပြီးတော့မှ ဒီတံတားရဲ့အောက်မှာ ယခင်တုန်းက လိန်းနီရွာရှိပြီးတော့မှ အဲဒီ လိန်းနီရွာကိုအစွဲပြုပြီးတော့မှ လိန်းနီတံတားလို့ခေါ်ခြင်းဖြစ်ပါတယ်။ တလှိုင်းမှရွာသစ်အခြေခံ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖြစ်ပါတယ်။ ဒီ ကျောင်းဆောင်သစ်တွေဟာ အစိုးရ၊

နောက် အလှူရှင်၊ ကျေးရွာသမအသင်းပိုင်မြေများကို ရောင်းချပြီးတော့ မတည်ပြီးတည်ဆောက်ထားတဲ့ကျောင်းဆောင်တစ်ခုဖြစ်ပါတယ်။ ဒါ ကျောင်းအတွက် ကျောင်းပိုင်ဧရိယာနှင့် ပုံစံ(၁၀၅)ကို ပုံစံတကျတည်ရှိပြီးတော့မှ တိုးချဲ့ရန်အတွက်လည်းပဲ ရေကန်အသင့်ကြာအသင့်ဖြစ်ပါတယ်။ ဒီပုံဟာ တလှိုင်းမှရွာသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိတဲ့နေရာဖြစ်ပါတယ်။ ဆိုတော့ အဝေးကနေကြည့်မယ်ဆိုရင်တော့လည်း အဝေးမှာက တောင်ပြာတန်းကိုလည်းလှမ်းမြင်နိုင်ပြီး တွေ့ရမှာဖြစ်ပါတယ်။ ဒါက အနီးမြင်ကွင်းဖြစ်ပါတယ်။ ဒါ့ကြောင့် လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းရွှေ့စုစည်းရွာ အိမ်ခြေ ပေါင်း ၂၅၂၄ အိမ်ဖြစ်ပြီးမှ လူဦးရေပေါင်း ၈၆၅၀ နေထိုင်ပါတယ်။ အဆိုပါကျောင်းကို။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်မောင်သောင်း၏ မေးခွန်းဖြစ်သော ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့ရှိ တလှိုင်းမှရွာသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား မည်သည့်ကာလတွင် အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့ တလှိုင်းမှရွာသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ကျွန်တော်တို့မှာရှိတဲ့စာရင်းအမည်မှန်မှာ တလိုင်းမရွာသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ တလိုင်းမရွာသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ လက်ရှိအားဖြင့် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား

ကျောင်းသူ ၁၂၅ ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါကျောင်းဟာ လက်ရှိအနေအထားမှာ အထက်တန်းကျောင်း(ခွဲ)ဖြစ်သည့်အတွက် လူငယ်လူရွယ်များအနေဖြင့် အထက်တန်းအဆင့်ပညာရပ်များကို သင်ယူနိုင်သောအခြေအနေတွင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ ဖွဲ့စည်းပုံတိုးမြှင့် Sanction ရယူရန်အတွက် အထက်တန်းအဆင့်သင်ကျောင်းသူကျောင်းသား ၂၀၀ ဦးနှင့်အထက်ရှိမှသာ ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့၊ တလိုင်းမရွာသစ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့် Sanction တိုးမြှင့်ပေးနိုင်ရန်မှာ သတ်မှတ်မူဘောင်နှင့် ကိုက်ညီမှုရှိရန်လိုအပ်သော်လည်း သတ်မှတ်မူဘောင်များဖြေလျှော့၍ အဆင့်တိုးမြှင့်နိုင်သည့်အခြေအနေရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ညနေပိုင်း အင်ဂျင်နီယာသင်တန်းများဖြစ်သော E.T.E.C (ဒီပလိုမာ)နှင့် E.G.T.I(ဒီပလိုမာ) သင်တန်းများဖွင့်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးခွန်းများ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ညနေပိုင်း အင်ဂျင်နီယာသင်တန်းများဖြစ်သော E.T.E.C (ဒီပလိုမာ)နှင့် E.G.T.I (ဒီပလိုမာ)သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရတာကတော့ သမိုင်းဝင် အင်းစိန် GTI ကျောင်းကြီး ဖွင့်လှစ်တော့မှာကို သိရှိရတဲ့အတွက် များစွာမှ ဝမ်းသာမိပြီး ယခင်ကလို အလုပ်လုပ်ရင်းနှင့် အင်ဂျင်နီယာပညာရပ်ဖြင့် အသက်မွေးလိုသူများအတွက် အခွင့်အရေးတစ်ရပ် ရရှိမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ E.T.E.C ညနေပိုင်း အင်ဂျင်နီယာသင်တန်းကို ၁၉၅၄-၁၉၅၅ ပညာသင်နှစ်မှစ၍ ၁၉၉၀-၁၉၉၁ အထိ ဖွင့်လှစ်ခဲ့ပါတယ်။ ရန်ကုန်မြို့ နတ်မောက် စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၁)နှင့် စက်မှုလက်မှုသိပ္ပံ(မန္တလေး)တို့တွင် ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ E.T.E.C ညနေပိုင်း သင်တန်းဝင်ခွင့်သတ်မှတ်ချက်များမှာတော့ အဋ္ဌမတန်းအောင်ရပါမယ်။ နံပါတ်(၂) စက်မှုလက်မှုလုပ်ငန်းနှင့်ပတ်သက်သော လုပ်ငန်းဌာနများတွင် တာဝန်ထမ်းဆောင်သူဖြစ်ရပါမယ်။ E.T.E.C သင်တန်းသို့တက်ရောက်ခွင့် ဝင်ခွင့်စာမေးပွဲလည်း အောင်မြင်ရမှာဖြစ်ပါတယ်။ သင်ကြားသော ဘာသာရပ်ကတော့ မြို့ပြ (Civil)၊ လျှပ်စစ်စွမ်းအား (Electrical Power)၊ စက်မှုစွမ်းအား (Mechanical Power) တို့ဖြစ်ပါတယ်။ ထို့နောက် E.G.T.I ညနေပိုင်း အင်ဂျင်နီယာသင်တန်းကို စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ စက်မှုလက်မှုသိပ္ပံကို ၁၉၆၉-၁၉၇၀ ပညာသင်နှစ်မှ ၁၉၉၅-၁၉၉၆ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ပြီး အင်းစိန် (GTI) တစ်ကျောင်းတည်းသာ ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်ထိ ထပ်မံဖွင့်လှစ်ခဲ့သည်ဟု သိရှိရပါတယ်။ ၎င်းနောက် ယနေ့အထိ ဖွင့်လှစ်နိုင်ခြင်းမရှိပါဘူး။ E.G.T.I သို့ ဝင်ခွင့်သတ်မှတ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရပါမယ်။ E.T.E.C ဒီပလိုမာဘွဲ့ ရရှိသူဖြစ်ရပါမယ်။ ဝင်ခွင့်အရည်အချင်းစာမေးပွဲအောင်မြင်ရပါမယ်။ ကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရပါမယ်။ လူမှုဝန်ထမ်းစိတ်လည်းရှိရပါမယ်။ သင်ကြားသောဘာသာရပ်များကတော့ မြို့ပြ(Civil)၊ လျှပ်စစ်စွမ်းအား(Electrical Power)၊ စက်မှုစွမ်းအား (Mechanical Power) တို့ဖြစ်ပါတယ်။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး အောင်မြင်ပါက E.G.T.I ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်ပြီး ၎င်းဘွဲ့မှာ A.G.T.I နှင့် အရည်အချင်းအတူတူဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းများကျောင်းတက်ချိန်ကတော့ ညနေငါးနာရီမှ ခုနစ်နာရီအထိ တက်ရပြီး စနေ၊ တနင်္ဂနွေနေ့မှာ လက်တွေ့လုပ်ငန်းများ ကွင်းဆင်းသင်ကြားရပါတယ်။ ၎င်းအင်ဂျင်နီယာသင်တန်းများဟာ အင်ဂျင်နီယာပညာရပ်အတွက် အလွန်အင်မတန်မှ အထောက်အကူဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေ့ကျောင်းတက်နေတဲ့ကျောင်းသားတွေက ဌာနဆိုင်ရာ လက်တွေ့လုပ်ငန်းများအကြောင်းကို ဂဃနဏ မသိနိုင်ပါ။ သီအိုရီအရသာ သိနိုင်ပါတယ်။ လက်တွေ့ မသိရှိနိုင်ပါဘူး။ လုပ်ငန်းခွင်ထဲမှာ တက်ရောက်တဲ့ ကျောင်းသားများဆိုလျှင် သီအိုရီ၊ လက်တွေ့ ပေါင်းစပ်ရတဲ့အတွက် သင်ကြားရေးမှာ များစွာမှ ထိရောက်မှုရှိလာပါတယ်။ ယခင်တိုင်းပြည်ဖွံ့ဖြိုးမှု မရှိတုန်းကဆိုလျှင် နိုင်ငံတော်အစိုးရမှ စက်မှုလက်မှုကျောင်းများသို့ တက်ရောက်သင်ကြားမည့်

ကျောင်းသားများမရှိတဲ့အတွက် ထောက်ပံ့ကြေးပေး၍ ခေါ်ယူသင်ကြားခဲ့ရပါတယ်။ သက်ဆိုင်ရာဌာနများမှာလည်း ကျောင်းတက်ရန်ကြို/ပို့ကားများ စီစဉ်ပေးကြပါတယ်။ တိုင်းပြည်တည်ဆောက်ရေးအတွက် ကျွမ်းကျင်သောပညာရှင်များ မွေးထုတ်ပေးနိုင်သောကျောင်းများဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော် မေးမြန်းလိုသည့်မေးခွန်းကတော့ ညနေပိုင်းအင်ဂျင်နီယာသင်တန်းဖြစ်သော နတ်မောက်အထက်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားခဲ့သည့် E.T.E.C ဒီပလိုမာသင်တန်းနှင့် အင်းစိန် GTI ကျောင်းတွင် ဖွင့်လှစ်သော EGTI သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ၊ ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါ၍ ဝါသနာပါသော်လည်း မိဘများဆင်းရဲ၍ နေ့ကျောင်းကို မတက်ရောက်နိုင်သော၊ အလုပ်လုပ်ရင်း အင်ဂျင်နီယာပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လိုသော အလုပ်သမားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးအောင်သိုက်ရဲ့ မေးခွန်းဖြစ်သော ညနေပိုင်းအင်ဂျင်နီယာသင်တန်းများဖြစ်သည့် E.T.E.C (ဒီပလိုမာ)နှင့် E.G.T.I (ဒီပလိုမာ)သင်တန်းများအား ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းတဲ့ပတ်သက်ပြီး တင်ပြမှာဖြစ်ပါတယ်။ ရှေ့ဦးစွာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း E.T.E.C (Evening Classes for Technical Education Course) E.G.T.I (Evening Government Technical Institution Course) များဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးထောက်ပြဆွေးနွေးသလို နိုင်ငံအတွက် အကျိုးပြုသော၊ အကျိုးဖြစ်ထွန်းစေခဲ့သော Course များဖြစ်ပါတယ်။ E.T.E.C အနေနဲ့ ၁၉၅၄ ခုနှစ်ကစဖွင့်ပြီး ၁၉၉၁ အထိ ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဖွင့်လှစ်တဲ့နေရာတွေကတော့ အင်းစိန် GTI ၊ မန္တလေး GTI ၊ ရန်ကုန်မြို့ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအမှတ်(၁)၊ အမှတ်(၂)တို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ လောလောဆယ်မှာတော့

အင်းစိန် GTI က ပြုပြင်ဆဲနှင့် ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ဆဲအနေအထားရှိပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ စက်မှု အ.ထ.က (၁)ကတော့ စင်ကာပူ-မြန်မာ သက်မွေး ပညာသင်ကျောင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသလို စက်မှု အ.ထ.က(၂)ကတော့ သတင်းအချက် အလက်နှင့် နည်းပညာတက္ကသိုလ်အဖြစ် ဆောင်ရွက်ထားရှိပါတယ်။ နောက်တစ်ခါ E.G.T.I အနေနဲ့ ၁၉၉၆ အထိ အင်းစိန် GTI တစ်ခုတည်းမှာပဲ ဖွင့်လှစ်ခဲ့ပါတယ်။ အင်းစိန် GTI ကလည်း ဒီနှစ်ထဲမှာမှ လက်ဝယ်ပြန်လည်လွှဲပြောင်းရရှိခဲ့ပြီး ကျောင်းများ၊ သင်တန်းများ ဖွင့်လှစ်ရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိအားဖြင့် အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း စုစုပေါင်း ၅၆ ကျောင်းမှာ A.G.T.I ဒီပလိုမာ သုံးနှစ်သင်တန်းနှင့် စက်မှုအထက်တန်းကျောင်း နှစ်နှစ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီ A.G.T.I သင်တန်းကိုတော့ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရာမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစပြီး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုအချိန်မှာ တတိယနှစ်သင်တန်းများ သင်ကြားလျက်ရှိပြီး စုစုပေါင်း ကျောင်းသားဦးရေ ၆၈၄၅ ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။ ဒီအစိုးရစက်မှုလက်မှုသိပ္ပံနှင့် နည်းပညာအထက်တန်းကျောင်းများမှာ လောလောဆယ်အားဖြင့် ပုံမှန်သင်တန်းများအပြင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကျွမ်းကျင်မှု အခြေပြုကာလတိုသင်တန်းများ သင်ကြားပေးလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဧပြီလကစပြီးတော့ သင်တန်းအမျိုးအစားပေါင်း ၃၀ ခန့် သင်ကြားပေးပြီး ကျောင်းသားကျောင်းသူများ ၅၀၀၀ ကျော် လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ E.T.E.C သင်တန်းနှင့် E.G.T.I သင်တန်းများကို အင်းစိန် GTI ကြီး ပြင်ဆင်ဆောင်ရွက်ပြီးတဲ့အချိန် ဒီသင်တန်းမှာ ဆောင်ရွက်ပြသမယ့် ဆရာ ဆရာများ စုစည်းပြီးတဲ့အချိန်မှာ ဆောင်ရွက်ပေးမှာပင် ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကျောင်းဆရာဆရာမများ၏ အပြောင်းအရွှေ့ကိစ္စများအား စာသင်နှစ်အတွင်း ပြုလုပ်ပေးနေသည့် စနစ်နေရာတွင် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်းတွင်သာ ပြုလုပ်ပေးမည့်စနစ်ဖြင့် အစား ထိုးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)။** ။အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော်က ပညာရေး နဲ့ပတ်သက်တဲ့မေးခွန်းတစ်ခု မေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်က ပညာရေး ဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာမှာ ပညာတန်ခိုးစွမ်းအားကြီးမားတဲ့ နိုင်ငံတွေက ထိပ်တန်းရောက်နေကြပြီး တော့ ပညာတန်ခိုးစွမ်းအား နိမ့်ပါးတဲ့နိုင်ငံတွေက အောက်တန်း နောက်တန်းရောက်နေကြတာကို အားလုံးအသိဖြစ်ပါတယ်။ ဒါကို သဘောပေါက်တဲ့ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေကလည်း ပညာရေးနဲ့ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေ၊ အရှိန် အဟုန်မြှင့်လုပ်ဆောင်နေရတာကို တွေ့မြင်နေရပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ပညာရေး ဘတ်ဂျက်ဆိုရင်လည်း လွန်ခဲ့တဲ့ ၁၀ စုနှစ်နှစ်ခု သုံးခုအတွင်းမှာ အမြင့်မားဆုံးသုံးစွဲဖို့ လျာထားတာကို တွေ့ရပါတယ်။ ဒီအတွက် ကျွန်တော်တို့ အင်မတန် အားတက်ရွှင်လန်းရပါတယ်။ နောက်ပြီးတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း National Education Strategy Plan လို့ခေါ်တဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ငါးနှစ်စီမံကိန်းနဲ့ စီမံချက်ချ လုပ်ဆောင် နေတာကိုလည်း မြင်တွေ့ရပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ အင်မတန်ကိုဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ နောက်ပြီးတော့ မကြာသေးခင်ကပဲ ကျွန်တော်တို့ အမျိုးသား ပညာရေး မူဝါဒကော်မရှင်လည်း ပေါ်ထွက်လာပါပြီ။ ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်ကြီးကလည်း အတည်ပြု ပေးလိုက်တဲ့အတွက် မကြာခင်မှာ တည်ငြိမ်ခိုင်မာတဲ့ အမျိုးသားပညာရေးမူဝါဒတွေ ပေါ်ထွက် လာတော့မယ့်ဖြစ်တာလည်း အင်မတန်ပဲ ဝမ်းသာကြပါတယ်။ လက်တွေ့မှာပဲ ကျွန်တော်တို့ ကျောင်းတွေမှာဆိုရင် အခြေခံပညာအဆင့်တွေမှာ အခမဲ့ပညာရေးစနစ် ကို ဖော်ဆောင်နေပါတယ်။ ကျောင်းသားတွေကို ပြဋ္ဌာန်းစာအုပ်တွေဆိုလို့ရှိရင် အလကားရပါတယ်။ ဘာကြေး၊ ညာကြေး တွေလည်း ဘာမှမကောက်ရပါဘူး။ ဒီအတွက် ကျောင်းသားတွေမိဘတွေမှာ ဝန်ပိတာမျိုး လုံးဝ မဖြစ်ရပါဘူး။ ဒီအတွက် အင်မတန်ကိုကျွန်တော်တို့ ကျောင်းသားမိဘတွေအနေနဲ့ ဝမ်းသာရပါတယ်။ အားတက်ရပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေဟာ မကြာခင်မှာ အသီးအပွင့် တွေဖြစ်လာလိမ့်မယ် ဆိုတာကို ယုံကြည်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အလှမ်းကျယ် အလယ်လပ် သလိုဖြစ်နေတဲ့ ကိစ္စတစ်ခုကတော့ ကျောင်းဆရာဆရာမတွေနဲ့ပတ်သက်ပြီးတော့ ကျောင်းရွှေ့တဲ့ ကိစ္စတွေကြောင့် စာသင်နှစ်တွေမှာလုပ်နေတဲ့ကိစ္စတွေပါ။ တကယ်အင်နဲ့အားနဲ့ စာသင်နေတဲ့အချိန် မှာ

အပြောင်းအရွှေ့တွေလုပ်တဲ့အခါမှာ ကျောင်းသားတွေက လှေပြေးတုန်းတက်ကျိုးဆိုသလို သူတို့ အင်မတန်မှ အာရရှင်လန်းစွာသင်ကြားနေတဲ့အချိန်မှာ ဆရာဆရာမပြောင်းသွားတဲ့ အခါကျတော့ တော်တော်လေးဒုက္ခရောက်ကြရပါတယ်။ အခက်အခဲတွေ့ကြရပါတယ်။ ကျွန်တော်တို့ လွှတ်တော် အတွေ့အကြုံရှင်းလင်းပွဲတွေ ရွာတွေကို ဆင်းတဲ့အခါတိုင်း တော်တော်များများမေးခွန်းတွေ မေးကြတဲ့အခါမှာ အဲဒီလိုမေးခွန်းတွေ မေးပါတယ်။ ဆရာဆရာမတွေကို ဒီလိုစာသင်ကောင်းနေတုန်း မှာ မပြောင်းဘဲနဲ့ နွေရာသီကျောင်းပိတ်ရက်ကာလမှာ ပြောင်းလို့ရှိရင် ပိုမကောင်းဘူးလား အဲဒါလေး ကို ဆရာလွှတ်တော်မှာမေးပေးပါဆိုပြီး ကျွန်တော်ကို ပြောပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီ မေးခွန်းကို မေးရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကြီးတစ်ခုလုံး အားသွန် ခွန်စိုက်ပြောင်းလဲဖို့ လုပ်နေတဲ့အချိန်မှာ ဒီလိုဆရာဆရာမတွေ အပြောင်းအရွှေ့ကို စာသင်ကောင်း နေတုန်းအချိန်မှာ ပြောင်းရွှေ့တာမျိုးမလုပ်ဘဲနဲ့ နွေရာသီကျောင်းပိတ်ရက်ကာလမှာ ပြောင်းရွှေ့တဲ့ စနစ်ကို ပြောင်းလဲဖို့အစီအစဉ်ရှိ/မရှိ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့မေးခွန်းဖြစ်သော နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းဆရာဆရာများ၏ အပြောင်းအရွှေ့ ကိစ္စများအား စာသင်နှစ်အတွင်း ပြုလုပ်ပေးနေသည့်စနစ်နေရာတွင် နွေရာသီ ကျောင်းပိတ်ရက် ကာလအတွင်းတွင်သာ ပြုလုပ်ပေးသည့်စနစ်ဖြင့် အစားထိုးရန် အစီ အစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၏ ရာထူးတိုး/အပြောင်း အရွှေ့ကိစ္စများကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ဆောင်ရွက်ပြီး ဖွင့်လကျောင်းဖွင့်ချိန် အမီ လုပ်ငန်းခွင်သို့ ဝင်ရောက်ရေးအတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ ဒီနှစ်ကစပြီး အဓိကထား ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါကြောင်း

တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် ကြီးမေးမြန်းတဲ့အစီအစဉ်သည် ကျွန်တော်တို့လက်ရှိဆောင်ရွက်နေသော အစီအစဉ်နှင့် ကိုက်ညီပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ သို့သော် ဒီကြားကာလမှာ အောက်ပါအကြောင်းအရာများအရ အနည်း အကျဉ်းတော့ ပြောင်းရွှေ့မှုရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါတွေကတော့ ပြစ်ဒဏ်ကြောင့် ပြောင်းရွှေ့ရခြင်း၊ နောက်တစ်ခါ ဝန်ထမ်းကိုယ်တိုင်ရဲ့လူမှုရေးအခက်အခဲကြောင့် ပြောင်းရွှေ့ပေးရ ခြင်း၊ ဒေသန္တရလုံခြုံရေးအခြေအနေ ထူးခြားတဲ့အတွက် ပြောင်းရွှေ့ပေးရခြင်း၊ နောက်တစ်ခုကတော့ စီမံခန့်ခွဲမှုကိစ္စအရ ဥပမာ ကျောင်းအုပ်ကြီးလစ်လပ်သွားလို့ ဒီနေရာကို အမြန်အစားထိုးပေးတဲ့အခါ မှာ ကျွန်တော်တို့ ရွှေ့ပြောင်းတာလေး ဆောင်ရွက်ရလေ့ရှိပါတယ်။ တစ်ခါ ဒီကျောင်းတစ်ကျောင်းမှာ ဆရာဆရာမအင်အားအလွန်နည်းပါးသွားရင် ဆရာဆရာမအင်အားများပြားသောကျောင်းမှ အချို့ကို တွဲဖက်ရွှေ့ပြောင်းတာဝန်ပေးအပ်ရခြင်းရှိပါတယ်။ ဒါလည်း စုဖွဲ့ထားတဲ့ School Cluster အလိုက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများရဲ့ အစီအမံနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ တင်ပြပြီးတော့ ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပြီး ဒီလိုပြောင်းရွှေ့တာကတော့ ထိရောက်သော သင်ကြားရေး ရရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဖြစ်တဲ့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၏ ပုံမှန်ရာထူးတိုး/အပြောင်းအရွှေ့များကို ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း၌သာ တစ်ကြိမ်တည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နိုင်ငံအတွင်း ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့အစည်းအဝေးမှာ ကျွန်တော်မေးမြန်းတဲ့မေးခွန်းကတော့ နိုင်ငံအတွင်းတချို့နေရာတွေမှာ ဓားနှင့်ဓားကဲ့သို့သော လက်နက်မျိုးကို အသုံးပြုကာ လုယက်မှု၊ လူသတ်မှုစတဲ့ ရာဇဝတ်မှုများကို ထုပြောလာတဲ့အတွက်ကြောင့် ပြည်သူများအသက်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးတို့အတွက် မှုခင်းကြိုတင်ကာကွယ်ရေးကို မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိလိုရေးဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ထုတ်သတင်းစာများ၊ ဂျာနယ်များမှာမပါမဖြစ် ပါဝင်တဲ့သတင်းကတော့ ဓားနှင့်ဓားကဲ့သို့သော ချွန်ထက်ထက်မြက်သောလက်နက်မျိုးစုံကို အသုံးပြုပြီးတော့ နည်းမျိုးစုံဖြင့် လုယက်မှု၊ လူကိုနာကျင်စေမှု၊ လူသတ်မှုစတဲ့ပြစ်မှုများ၊ သတင်းများဖြစ်ပါတယ်။ အဲဒီထဲမှာ ဓားနဲ့ပတ်သက်ပြီးတော့ ဥပမာအချို့ကိုတင်ပြရရင် ဂျာနယ်ပါကာတွန်းတစ်ခုမှာဆရာမက ကျောင်းသားလေးကို မေးပါတယ်။ အဘတို့ခေတ်ပီး နောက်တစ်ခေတ်ကို ဘာခေတ်လို့ခေါ်ပါသလဲဆိုပြီးတော့ ကျောင်းသားလေးက ဓားခေတ်လို့ခေါ်ပါတယ်ဆရာမလို့ ဖြေကြားတဲ့မေးခွန်း ကာတွန်းလေးပဲတွေ့ရပါတယ်။ ဒါ့အပြင် လမ်းပေါ်မှာ ဓားကိုင်ရမ်းကားတဲ့လူနှစ်ဦးကို သေနတ်ပစ်ဖမ်းဆီး၊ ဓားကိုင်လူရမ်းကားတရားခံပြေးအား ဖမ်းဆီး၊ မင်္ဂလာဒုံမြို့မဘောလုံးကွင်းအတွင်း (၉) တန်းကျောင်းသား အချင်းချင်းဓားထိုးမှုဖြစ်၊ ထမင်းအတူချက်စားရာတွင် ငွေကုန်ကျမှုများသည်ဆိုကာ စကားများရန်ဖြစ်ရာမှ ရဲတပ်သားအချင်းချင်းဓားထိုးမှု ဖြူးမြို့တွင် ဖြစ်ပွား၊ ခရီးသည်တင်ယာဉ်မောင်းအား ဓားထိုးမှု၊ လုယက်မှုဖြစ်၊ အောင်လံတွင် လူငယ်အချင်းချင်းစကားများရန်ဖြစ်ရာမှ ဓားထိုးလူသတ်မှုဖြစ်၊ တက္ကသိုလ်ကျောင်းသားအချင်းချင်းဂီတာငှားရာမှ ဓားထိုးမှုဖြစ်၊ ညောင်လေးပင်တွင် လမ်းပေါ်တွင် ဆဲသူကို ကတ်ကြေးဖြင့်ထိုးသတ်၊ အရေးပေါ်လူနာတင်ယာဉ်မောင်းကို ဆိုင်ကယ်စီးလာသူနှစ်ဦးက ဓားဖြင့်ဆင့်ထိုး၊ ခရီးသည်ဟန်ဆောင်၍ အငှားယာဉ်မောင်းလည်ပင်းကို ဓားနဲ့ဆွဲလှီး၊ ဒါ့အပြင် ကာတွန်းတစ်ခုဆိုရင် ဓားခုတ်မှုတွေကို ဘယ်လိုဖြစ်သွားသလဲဟုမေးရာ ရဲစခန်းဝင်းကနေ လွှတ်တော်အထိရောက်သွားပါပြီလို့ ရေးဆွဲထားတဲ့ကာတွန်းကိုလည်း ဖတ်ရှုရပါတယ်။ အဲဒီလက်နက်နဲ့ကျူးလွန်တဲ့သူကို ဖမ်းဆီးရမိခြင်းမရှိသကဲ့သို့ ရာဇဝတ်ဘေးပြေးလျှောင်လွတ်တယ်ဆိုပြီးတော့ ထွက်ပြေးတိမ်းရှောင်သူများရှိတဲ့အခါ ရှိပါတယ်။ သက်ဆိုင်ရာမှ ဖမ်းဆီးရေးအတွက် စုံစမ်းဆဲအမှုများလည်းရှိတယ်လို့ သတင်းများအရ သိရပါတယ်။ တချို့သတင်းများဆိုရင် နေအိမ်တွင်းမှာနေစဉ်ပင် ဓားနှင့်ဝင်ရောက်ထိုး၍ အသက်ဆုံးရှုံးရသည့်သတင်းမျာလည်း ရှိပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးယခင်ကဆိုရင် ဓားကဲ့သို့သော လက်နက်မျိုးကို ဆွဲကိုင်ကာရမ်းကားတဲ့ လူကို လူဆိုးလူမိုက်လို့ ကျွန်တော်တို့အသိအမှတ်ပြုကြပါတယ်။ အခုအချိန်မှာ မိမိကိုယ်ကို ကာကွယ်ရန်အတွက်ဆိုသည်ထက် တစ်ပါးသူကို ထိုးနှက်ရန်ရည်ရွယ်ချက်ဖြင့် ကြိုတင်ကိုင်ဆောင်ထားပြီးတော့ လွယ်လင့်တကူကျူးလွန်နေကြသဖြင့် ပြည်သူများက စိုးရိမ်မကင်းဖြစ်နေကြရပါတယ်။ ဒါ့ကြောင့် ပြည်သူများ စိုးရိမ်သောကကင်းဝေးရေးအတွက် ဘေးကင်းလုံခြုံမှုအတွက် မှုခင်းကြိုတင်ကာကွယ်ရေး မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို ပြည်သူများကိုယ်စားသိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။ မိုက်ပိတ်ပါ။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ချမှတ်ထားတဲ့ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းတာဝန်(၆)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုလုပ်ငန်းတာဝန်(၆)ရပ်မှာ ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်အရ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့်ဖြစ်ပွားနေတဲ့မှုခင်းများ လျော့နည်းကျဆင်းအောင် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဖြစ်ပွားနေတဲ့ မှုခင်းတွေကို လျော့နည်းကျဆင်းရေးအတွက် မှုခင်းလျော့နည်းကျဆင်းရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာမှာ မှုခင်းဖြစ်ပွားမှုများကို အားပေးသည့် ဒုစရိုက်လုပ်ငန်းများအပါအဝင် ကြိုတင်ကာကွယ်မှုများကို အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ သေနတ်၊ ဓား သို့မဟုတ် ဓားကဲ့သို့သောအရာများနှင့် အခြားထိခိုက်ဘေးအန္တရာယ်ဖြစ်ပွားစေနိုင်တဲ့ အရာဝတ္ထုတစ်ခုခုကိုအသုံးပြုပြီး မှုခင်းများကျူးလွန်မှုများ ပိုမိုများပြားလာခြင်းဖြစ်ကြောင်းလည်း တွေ့ရှိပါ

တယ်။ ထိုမှုခင်းများလျော့နည်းစေရန်အတွက် ဥပဒေနှင့်မညီသော တရားမဝင် လက်နက်ကိုင်ဆောင်မှုများကိုလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် အလေးထားအရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆ ခုနှစ်အတွင်းဖြစ်ပွားခဲ့တဲ့ ပြစ်မှုတွေမှာ ဓား သို့မဟုတ် ဓားကဲ့သို့သောဘေးအန္တရာယ်ဖြစ်ပွားစေနိုင်တဲ့ လက်နက်များဖြင့် ကျူးလွန်တဲ့အမှုများအနေနဲ့ လူသတ်မှုတွင် ဓားလက်နက်အသုံးပြုမှုဟာ ၅၅.၁၅ ရာခိုင်နှုန်း၊ လုယက်မှုမှာ ဓားလက်နက်အသုံးပြုမှုဟာ ၅၃.၄ ရာခိုင်နှုန်း၊ နာကျင်မှုမှာ ဓားလက်နက်အသုံးပြုမှု ၃၂.၈၉ ရာခိုင်နှုန်းရှိပြီး အဆိုပါကျူးလွန်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူစုစုပေါင်း ၂၀၁၆ ခုနှစ်အတွင်းမှာ ၁၆၅၇ ဦးရှိကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့် ပြစ်မှုများဖြစ်ပေါ်လာမှုအပေါ်မှာ သုံးသပ်မှုများပြုလုပ်ပြီး လိုအပ်တဲ့ကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်တွေကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဓား သို့မဟုတ် ဓားကဲ့သို့သော ဘေးအန္တရာယ်ဖြစ်ပွားစေနိုင်တဲ့ လက်နက်များနှင့်ပတ်သက်ပြီး ဥပဒေနှင့်မညီတဲ့ကိုင်ဆောင်မှုတွေကို ကြိုတင်ကာကွယ်ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိရာမှာ လက်နက်ပုန်းဖော်ထုတ်အရေးယူမှုအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကနေ အောက်တိုဘာလ ၁၅ ရက်နေ့ထိ စုစုပေါင်းအမှုပေါင်း ၃၁၀၈ မှုကို အရေးယူခဲ့ပါတယ်။ ထိုအမှုများအနက် ဓားလက်နက်နှင့်ပတ်သက်တဲ့ လက်နက်ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(င) အရ အရေးယူမှုကတော့ အမှုပေါင်း ၃၀၁၈ မှုဖြစ်ပြီးတော့ အမှုဖြစ်ပွားမှုရဲ့ ၉၇.၁ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါတယ်။ ထိုအမှုများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲတင်ပို့ခဲ့ရာမှာ အမြင့်ဆုံးချမှတ်နိုင်တဲ့ပြစ်ဒဏ်ဟာ ဥပဒေအရထောင်ဒဏ်နှစ်နှစ်ဖြစ်ပြီး အနိမ့်ဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၅ ရက်ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနဲ့ မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာမှာ မိမိရဲတပ်ဖွဲ့ဝင်များသာမကဘဲနဲ့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းမှာရှိတဲ့လူငယ်များ၊ ပြည်သူလူထုများပူးပေါင်းပါဝင်တဲ့ ရပ်ရွာအခြေပြုရဲလုပ်ငန်းစနစ်ဖြစ်တဲ့ (Community Policing) စနစ်ကိုလည်း စနစ်တကျကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရပ်/ရွာများရှိ လမ်းဆုံ၊ လမ်းခွများ၊ အချက်အချာကျတဲ့နေရာများ၊ မှုခင်းဖြစ်ပွားနိုင်တဲ့

နေရာများ၊ မှုခင်းဖြစ်ပွားလေ့ရှိတဲ့နေရာနှင့်အချိန်တွေမှာလည်း ရပ်ကင်း၊ လှည့်ကင်း၊ ဝပ်ကင်းစတဲ့ ရှာဖွေစစ်ဆေးမှုများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပွဲလမ်းသဘင်များ၊ အခမ်းအနားများမှာလည်း လုံခြုံရေးနှင့်စည်းကမ်းသေဝပ် တည်ငြိမ်စွာဆောင်ရွက်နိုင်ဖို့အတွက် ခဲးလက်နက်များဥပဒေနှင့်မညီဘဲ ကိုင်ဆောင်မှုမရှိစေရေး အတွက်လည်း စနစ်တကျရှာဖွေ သိမ်းဆည်းမှုများကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိ ပါတယ်။ ခဲးလက်နက်များကိုင်ဆောင်ပြီး ခိုက်ရန်ဖြစ်ပွားတဲ့အခါမှာ ခဲးလက်နက်ကို အလွယ်တကူ အသုံးပြုခြင်းကြောင့် လူသတ်မှုများအထိ ဖြစ်ပေါ်လာစေခြင်း၊ လက်နက်အားကိုးဖြင့် ခိုးမှု၊ ခြောက် လှန့်တောင်းယူမှု၊ လုယက်မှု၊ ခဲးပြမှုများကျူးလွန်လာနိုင်ခြင်း၊ လက်နက်ဖြင့်ခြိမ်းခြောက်၍ မုဒိန်းကျင့် မှုများလည်း ဖြစ်ပေါ်လာနိုင်ခြင်းစတဲ့ လက်နက်ကိုင်ဆောင်မှုကြောင့် ဖြစ်လာနိုင်သည့် ဆိုးကျိုးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိအောင် ပညာပေးဟောပြောမှုများ၊ မှုခင်းကျဆင်းရေး ပညာပေး ဟောပြောမှုများ ပြုလုပ်သကဲ့သို့ ဥပဒေဆိုင်ရာလေ့လာသုံးသပ်မှုများလည်း ဆောင်ရွက်ခဲ့ပါတယ်။ လက်နက်ကိုင်ဆောင်၍ ကျူးလွန်သည့်အမှုများမှာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးနိုင်မှုနှင့် တရားစွဲနိုင်မှု မရှိပါက ပြစ်မှုကျူးလွန်သူတွေဟာ လက်နက်အားကိုးဖြင့် အလားတူပြစ်မှုများ ထပ်မံကျူးလွန်နိုင်ရေး အတွက် ဖမ်းဆီးရမိရေးကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာတရား ရုံးများသို့ တရားစွဲတင်ပို့ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပြီး ထိုက်သင့်တဲ့ ပြစ်ဒဏ်ကျခံစေရေး အတွက် သက်ဆိုင်ရာတရားရုံး၊ ဥပဒေရုံးများနှင့်လည်း စဉ်ဆက်မပြတ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါ တယ်။ ဒါ့အပြင် လက်နက်ဖြင့် မကြာခဏပြစ်မှုကျူးလွန်လေ့ရှိသူများ၊ လက်နက်ကိုင်၍ဆူပူရမ်းကား သူများ၊ အများပြည်သူစိတ်ငြိုငြင်အောင် ပြုလုပ်သူများကိုလည်းစောင့်ကြည့်ခြင်း၊ ပြစ်မှုကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်အရ ရာဇဝတ်ကျင့်ထုံးဥပဒေများဖြင့် ကောင်းမွန်စွာကျင့်ကြံနေထိုင်ဖို့ အတွက် ခံဝန်ချုပ်ချုပ်ဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လက်နက်ကိုင်ဆောင်မှုများနှင့်ပတ်သက်ပြီး ထိရောက်စွာအရေးယူနိုင်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိတဲ့ ၁၈၇၈ ခုနှစ်၊ လက်နက် အက်ဥပဒေအား ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေနှင့် ၁၉၅၀ ခုနှစ်၊ လက်နက်(ယာယီ)ပြင်ဆင်ချက်အက်ဥပဒေတို့ကို တစ်ပေါင်းတည်းပြန်လည်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လက်ရှိကျင့်သုံး လျက်ရှိတဲ့ ၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲအက်ဥပဒေနှင့် ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေတို့ကိုလည်း တစ်နိုင်ငံ

လုံးအားလုံးသက်ရောက်တဲ့ ဥပဒေတစ်မျိုးတည်း ဖြစ်စေရေးအတွက်ကိုလည်း လက်ရှိအခြေအနေနှင့် ကိုက်ညီစေရန် တစ်ပေါင်းတည်းပြန်လည်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ရေးဆွဲရာမှာလည်း လက်နက်များကို ဥပဒေနှင့်မညီသော ကိုင်ဆောင်သွားလာခြင်းများနှင့်ပတ်သက်၍ တားမြစ်ချက်ကို ဖောက်ဖျက်ပါကဥပဒေနှင့်အညီ ထိရောက်ဟန့်တားသောပြစ်ဒဏ်ချမှတ် နိုင်ရေးအတွက် ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိသည့်ဥပဒေမှာ ပြစ်ဒဏ်ကိုတိုးမြှင့်ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ ပြည်သူများ၏အသက်အိုးအိမ်၊ စည်းစိမ်၊ ပစ္စည်းဥစ္စာများလုံခြုံမှုနှင့် ရပ်/ရွာတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့ ဓား သို့မဟုတ် ဓားကဲ့သို့သောလက်နက်များကိုင်ဆောင်ကျူးလွန်တဲ့မှုခင်းများ လျော့နည်းကျဆင်းသွားစေရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များကို မိမိရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းရှိလူငယ်များ၊ ပြည်သူများပူးပေါင်းပါဝင်တဲ့ ရပ်ရွာအခြေပြုရဲလုပ်ငန်းစဉ်ဖြစ်တဲ့ (Community Policing)ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေနှင့်မညီသော ဓား သို့မဟုတ် ဓားကဲ့သို့သောလက်နက်များကိုကိုင်ဆောင်ခြင်းနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရာမှာ လက်ရှိကျင့်သုံးနေသောဥပဒေများကိုလည်း ပိုမိုပြည့်စုံစေရန်နှင့် ပြစ်ဒဏ်များဥပဒေနှင့်အညီ ထိထိရောက်ရောက်ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိတည်ဆဲဥပဒေများအရ အရေးယူသည့် တရားမဝင် လက်နက်ကိုင်ဆောင်သူများ၊ လက်နက်ကိုင်ဆောင်၍ ကျူးလွန်သည့်မှုခင်းများနှင့်ပတ်သက်၍လည်း ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေးကိုလည်း အရေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်၊ ကန်စွယ်ကျေးရွာမှ နေထိုင်စရာအခက်အခဲများဖြင့် ကြုံတွေ့နေရသော မိသားစုများ၏ အခက်အခဲကို ဖြေရှင်းသောအားဖြင့် မူလကသိမ်းဆည်းခဲ့သော လစ်လပ်နေသည့် မြေကွက်များအား ပြန်လည်နေရာချထားပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန်စွယ်ကျေးရွာနဲ့ပတ်သက်လို့ မြေကိစ္စမေးမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်၊ ကပ်ကျေးအင်းကျေးရွာအုပ်စု၊ ကန်စွယ်ကျေးရွာဟာ သာစည်မြို့ရဲ့ အနောက်မြောက်ဘက်မှာရှိတဲ့ ဆင်ခြေဖုံးကျေးရွာ ဖြစ်ပါတယ်။ မူလကျေးရွာပိုင်မြေဧက ၉၄၀ ရှိခဲ့သော်လည်း ၁၉၇၀ ခုနှစ်တွင် ဆိုင်လိုဂိုဒေါင်တည်ဆောက်ရန်အတွက် ၇၅ ဧက၊ သာစည်မြို့နယ် မြေတိုးချဲ့ရေးအတွက် ၁၉၈၀ ခုနှစ်မှာ ဧက ၃၀၀၊ ၁၉၉၅ ခုနှစ်မှာ (ခ.လ.ရ) ၄၁၉၊ ၄၂၀ တပ်မြေသိမ်း ၂၅၀ ဧက၊ သာစည်-မြင်းခြံ မီးရထားလမ်းဖောက်လုပ်ရန် ၂၅ ဧက၊ သာစည်-သပြေဝမော်တော်ကားလမ်းအတွက် ၁၅ ဧက စသဖြင့် အသီးသီးသိမ်းဆည်းခံခဲ့ရပါတယ်။ ထိုသို့သိမ်းဆည်းခံခဲ့ရသော်လည်း ဒေသခံတောင်သူများ အတွက် အထောက်အပံ့များ၊ အလုပ်အကိုင်ပံ့ပိုးမှုများ ပေးရှိခြင်းမရှိကြောင်းကိုလည်း သိရှိရပါတယ်။ ယခုအချိန်မှာ ကန်စွယ်ကျေးရွာမှ တောင်သူများလုပ်ကိုင်စားသောက်နေထိုင်ရန် ၁၂၅ ဧကသာကျန်ရှိသည့်အနက် ဧက ၅၀ မှာ မင်းလှကန်ရေလွှမ်းဧရိယာ ဖြစ်နေပါတယ်။ ယခုအခါ တောင်သူအိမ်ထောင်စု ၉၀ မှ မိသားစုဝင်သားသမီးများ အိမ်ထောင်ပြုပြီး မိသားစု ၅၀ မှာ နေစရာအခက်အခဲများ ဖြစ်ပေါ်နေပါတယ်။ မြေကွက်ဝယ်ယူရန်မှာလည်း မြို့ဆင်ခြေဖုံးဖြစ်၍ မြေကွက်တန်ဖိုးမြင့်မားသည့်အတွက် လက်လှမ်းမမီမဝယ်နိုင်ကြဘဲ အခက်အခဲတွေ့နေရကြောင်းသိရှိရပါတယ်။ မြို့မြေတိုးချဲ့ရန် ၁၉၉၅ ခုနှစ်က သိမ်းဆည်းခဲ့သော ကွင်းအမှတ်(၁၈၃၀)၊ (၁၈၀၈)တို့ရှိ ဧက ၁၅၀ အနက်မှ ဧက ၃၀ မှာ ဝိုင်းကွက်များချထားပေးခြင်းမရှိဘဲ လစ်လပ်လျက်ရှိပြီး အဆိုပါ ဧက ၃၀ မှာ ကန်စွယ်ကျေးရွာနှင့်မဝေးကွာဘဲ သာစည်-သပြေဝကားလမ်းဘေးတွင် တည်ရှိပါတယ်။ ယခုဆောက်လုပ်ပြီးစီးသော ဝန်ထမ်းအိမ်ယာနှင့်လည်း မနီးမဝေးမှာရှိပါတယ်။ မူလက သိမ်းဆည်းခဲ့သော အဆိုပါ လစ်လပ်လျက်ရှိသော ဧက ၃၀ က ကန်စွယ်ကျေးရွာမှ နေထိုင်စရာအခက်အခဲဖြစ်နေသည့် မိသားစုအား ပြန်လည်ချထားပေးမည်ဆိုပါက မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ နေရေး၊ ထိုင်ရေးအဆင်ပြေမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်၊ ကပ်ကျေးအင်းကျေးရွာအုပ်စု၊ ကန်စွယ်ကျေးရွာမှာ နေထိုင်စရာအခက်အခဲများဖြင့် ကြုံတွေ့နေသော မိသားစုများ၏အခက်အခဲကို ဖြေရှင်းသောအားဖြင့် မူလကသိမ်းဆည်းခဲ့သော

လစ်လပ်နေသည့်မြေကွက်များအား ပြန်လည်နေရာချထားပေးရန်အစီအစဉ်ရှိ/မရှိကို ဒေသခံ ကျေးလက်နေပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ကျွန်တော် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းပြည်သူ့ကောင်စီ၏ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ ရက်စွဲပါစာအမှတ်ဖြင့် မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကပ်ကျေးအင်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကွင်းအမှတ် (၁၈၃၀၊ ၁၈၃၁၊ ၁၈၃၃၊ ၁၈၃၄၊ ၁၈၃၅၊ ၁၈၃၆၊ ၁၈၃၇၊ ၁၈၄၁)စုစုပေါင်းကွင်း ရှစ်ကွင်းမှာ ဧရိယာစုစုပေါင်း ၄၇၂.၅၉ ဧကကို မြို့မြေအဖြစ် အသုံးပြုရန် ခွင့်ပြုမိန့်ချထားပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထိုသို့ မြို့မြေအဖြစ်အသုံးပြုခွင့် ရပြီးတဲ့နောက်မှာ ကွင်းအမှတ်(၁၈၃၃)ဟာ ဆိုင်လိုသိုလှောင်ရုံအတွက် ၄၃.၇၀ ဧက၊ ကွင်းအမှတ် ၉၁၈၃၀)မှာ သာစည်-မြင်းခြံမီးရထားလမ်းဖောက်လုပ်ရန်အတွက် ၅.၆ ဧက အသီးသီးအသုံးပြုထား ပါတယ်။ ဒါ့အပြင် သာစည်-သပြေဝမော်တော်ကားလမ်းအတွက် ၁၅ ဧကမှာ သီးသန့်သိမ်းဆည်း ခဲ့ခြင်းမဟုတ်ဘဲနဲ့ ယခင်ကလမ်းအူကြောင်းဖောက်လုပ်ခဲ့တဲ့မြေနေရာကို ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင်ခဲ့ခြင်းသာဖြစ်ကြောင်းနှင့် အမှတ်(၄၁၉)၊ (၄၂၀) တပ်ရင်းများအနေနဲ့လည်း ဖျက်သိမ်းထား သောမြေများမရှိကြောင်းလည်း စိစစ်သိရှိရပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကန်စွယ်ကျေးရွာမှာ အိမ်ခြေ ၆၄ အိမ်၊ အိမ်ထောင်စု ၆၄ စုတည်ရှိပြီး စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် ကွင်းအမှတ်(၁၈၂၉)ကွင်း တစ်ကွင်းသာရှိကြောင်း သိရှိရပါတယ်။ အဆိုပါ ကွင်းအမှတ်(၁၈၂၉)ဟာ မြေဧရိယာ ၁၅၂ ဧကရှိပြီး ယခုနှစ်မှာ မိုးရွာသွန်းမှုများတဲ့အတွက် မင်းလှကန်ရေတက်တဲ့အချိန်မှာ ၃၀ ဧကခန့် ရေလွှမ်းမိုးခဲ့ပါတယ်။ ရေပြန်ကျတဲ့အချိန်မှာတော့ ရေလွှမ်းမိုးမှုများမရှိကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးအဖွဲ့၏ ညှိနှိုင်း ဖြေကြားချက်အရ သိရှိရပါတယ်။ သာစည်မြို့နယ်၊ ကပ်ကျေးအင်းကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၁၈၀၈)ဟာ မြို့မြေအဖြစ်အသုံးပြုရန် ခွင့်ပြုပေးထားတဲ့ မြေထဲမှာမပါဝင်ဘဲနဲ့ အမှတ်(၄၂၀) ခြေမြန်

တပ်ရင်းရဲ့ အသုံးပြုထားတဲ့မြေဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ သို့သော် ကွင်းအမှတ်(၁၈၃၀)ဟာ မြို့မြေမှာပါဝင်ပြီးတော့ ဧရိယာ ၁၂၉.၁၃ ဧကပါရှိပါတယ်။ အဆိုပါမြေဧရိယာ ၁၂၉.၁၃ ဧကဟာ လူနေထိုင်ရန် မြို့မြေအဖြစ် အသုံးပြုထားပြီးတဲ့မြေဧရိယာ ၈၃.၄၄ ဧက၊ လမ်းမြေ ၃.၂၄ ဧက၊ သာစည်-မြင်းခြံ မီးရထားလမ်းမြေ ၅.၆ ဧက၊ သုသာန်မြေ ၄.၈၅ ဧက စုစုပေါင်း ၉၇.၁၃ ဧကကို အသုံးပြုထားပြီးဖြစ်တဲ့အတွက် မြေဧရိယာ ၃၂ ဧကကျန်ရှိပါတယ်။ အဆိုပါကျန်ရှိတဲ့မြေဧရိယာ ၃၂ ဧကမှ ၅ ဧကကို ဟင်းသီးဟင်းရွက်အခြောက်ခံစက်ရုံမြေနေရာအဖြစ် အသုံးပြုရန် လုပ်ငန်းရှင် တစ်ဦးမှ လျှောက်ထားခဲ့သော်လည်း ခွင့်ပြုချထားပေးခဲ့ခြင်းမရှိဘဲ လက်ရှိမြို့မြေ မြေလွတ်အတိုင်းသာ ထားရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကပ်ကျေးအင်းကျေးရွာ အုပ်စုအတွင်းရှိတဲ့ ကွင်းအမှတ်(၁၈၃၀)မှ ကျန်ရှိတဲ့ မြေဧရိယာ ၃၂ ဧကဟာ မြို့မြေအဖြစ် သတ်မှတ်ထားပြီးဖြစ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် လူနေထိုင်ရန်မြေကွက်အဖြစ် ချထားပေးတဲ့အခါမှာ မူလစိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ ဒေသခံတောင်သူများကို ဦးစားပေးဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညှိနှိုင်းဖြေကြားချက် အရ ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**Multi-Level Marketing (MLM)(ဆင့်ပွားကွန်ရက်ချိတ်ဈေးရောင်းလုပ်ငန်း)ကို တားမြစ်ကန့်သတ်ပိတ်ပင်အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအများစု ထိခိုက်နစ်နာ နေတဲ့ မက်လုံးပေးလိမ်လည်ဂုတ်သွေးစုပ်နေတဲ့ Multi-Level Marketing (MLM)လို့ခေါ်တဲ့ ဆင့်ပွား ကွန်ရက်ချိတ်ဈေးရောင်းလုပ်ငန်းကို တားမြစ်ကန့်သတ်ပိတ်ပင်အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ပြည်သူလူထုရဲ့ တောင်းဆိုချက်အရ မေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ Multi-Level Marketing (MLM)လို့ခေါ်တဲ့ ဆင့်ပွားကွန်ရက်ချိတ် ဈေးရောင်း

လုပ်ငန်းစနစ်ဖြင့် မြန်မာနိုင်ငံမှာမက်လုံးပေးစည်းရုံးကာ အောက်ခြေအဆင့်ရှိ အများစုရဲ့ လုပ်အားကို ခေါင်းပုံဖြတ်ပြီး ထိပ်ပိုင်းတွင်ရှိနေသူများ ကြီးစွာအကျိုးအမြတ်ရရှိနေတဲ့ကုမ္ပဏီပေါင်း ၁၀၀ ကျော်ရှိနေပါတယ်။ တရုတ်နိုင်ငံမှာလုံးဝပိတ်ပင်ထားပြီးတော့ အမေရိကန်၊ စင်ကာပူအပါအဝင် နိုင်ငံတကာမှာ အထူးတားမြစ်ကန့်သတ်ကြပ်မတ်သော ကျလုပ်ငန်းတချို့ဟာ မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေတချို့အရ တရားဝင်ဖြစ်စေရန်ပြင်ဆင်ထားပြီး တည်ဆဲဥပဒေတချို့ရဲ့ အားနည်းချက်ကို အသုံးချပြီးတော့ လောဘရှေ့ဆောင်နေတဲ့ မသိနားမလည်သူအများစုရဲ့ အချိန်၊ ငွေ၊ လုပ်အားကို ခေါင်းပုံဖြတ်နေပါတယ်။ မြန်မာနိုင်ငံမှာ MLM လုပ်ငန်းအချို့ ထပ်မံဝင်ရောက်လာပြီး လုပ်ငန်းရဲ့လှည့်ဖျားမှုကို ခေါင်းထိုးခံရသူတွေ တဖြည်းဖြည်းများပြားလာတာကို တွေ့ရပါတယ်။ ယခုအခါမှာ မသိနားမလည်သူများပြားတဲ့နယ်မြို့များထိ ပိုမိုထိုးဖောက်ဝင်ရောက်လာတာကို စိုးရိမ်ဖွယ်ရာတွေ့ရှိနေရပါတယ်။ MLM လုပ်ငန်းရှင်အများစုဟာ ပြည်ပလုပ်ငန်းရှင်တွေဖြစ်ပါတယ်။ MLM ကြောင့်အလိမ်ခံရလို့ရှိရင် ပြည်သူတွေရဲ့ငွေကြေးသာမက ပြည်တွင်းလည်ပတ်ငွေတွေပါ ပြည်ပကို စီးထွက်သွားပါတယ်။ အဆိုးဆုံးကတော့ ပြည်ပကုမ္ပဏီတွေကနေပြီးတော့ လာရောက်ပြီး ပြည်တွင်းမှာ MLM လုပ်ပြီး မြန်မာပြည်သူများရဲ့၊ Member ဝင်များရဲ့ပိုက်ဆံကို မလိမ့်တပတ်ယူပြီး ဒေါ်လာအဖြစ် လဲလှယ်ကာ ပြည်ပကို သယ်ထုတ်သွားတဲ့အတွက် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုအပေါ် သက်ရောက်တဲ့အပြင် ငွေကြေးဖောင်းပွမှုလည်း ဖြစ်စေပါတယ်။ လူတစ်ဦးကနေတစ်ဦးဆင့်ကဲသွားတဲ့ MLM လောကဟာ လူ ၁၀၀၀၊ ၁၀၀၀၀ လောက်မှာ တစ်ယောက်သာကြီးပွားချမ်းသာပြီး ကျန်လူတွေက အဲဒီလူချမ်းသာဖို့အတွက် စားစားခံဖြစ်ရပါတယ်။ ဥပမာအနေဖြင့် Unstar Network International Myanmar Co.,Ltd ရဲ့ ဈေးရောင်းချပုံကို တင်ပြပါမယ်။ Unstar မှာအသင်းဝင်မယ်ဆိုရင် ကနဦးမှတ်ပုံတင်ကြေး ၉၀၀၀ နှင့် အမှတ် ၁၀၀၀ လိုအပ်ပါတယ်။ အမှတ် ၁၀၀၀ ဆိုတာ Unstar ရဲ့ကုန်ပစ္စည်း ၉၆၀၀၀ ဖိုး ဝယ်ရပါတယ်။ ငွေ ၁၅၀၀၀၀ ကိုအသုံးပြုပြီး စာချုပ်ချုပ်ရပါတယ်။ စာချုပ်ချုပ်ပြီးရင် ကိုယ့်အောက်မှာရှိတဲ့ လူနှစ်ယောက်ကို ရှာဖို့လိုပါတယ်။ အဲဒီလိုလုပ်ပြီးရင် လစဉ် ၃၀၀၀၀ ဖိုး ဝယ်ယူသုံးစွဲရပါတယ်။ ကိုယ့်အောက်ကနေ တစ်လကို နှစ်ယောက်၊ နှစ်လမှာ လေးယောက်၊ သုံးလမှာ ရှစ်ယောက် စသဖြင့် ဆပွားတိုးသွားပြီးတော့ တစ်နှစ်အတွင်းမှာ လူ ၄၀၉၆ ယောက်ဖြစ်သွားပြီးတော့ ကိုယ်ရှာထားတဲ့ လူ ၄၀၉၆ ယောက်ကနေ တစ်နှစ်အတွင်း ကိုယ့်အတွက် ဝင်ငွေသိန်း ၃၂၀ ရရှိမယ်။ ကိုယ့်အောက်ကလူကလည်း ကိုယ့်လိုဝင်ငွေရှာနိုင်ရင် ဒီထက်နှစ်ဆဖြစ်သွားနိုင်တယ်ဆိုပြီး တွက်ပြထားပါတယ်။ ကိုယ့်ဝင်ငွေဟာ သိန်းရာနဲ့ချီပြီးတော့ ရနိုင်တယ်လို့ မက်လုံးပေးထားပါတယ်။ MLM

ဟာ သာမန်စီးပွားရေးလုပ်ငန်းလို အရောင်းကိုယ်စားလှယ်တစ်ယောက်က ထုတ်ကုန်ကို စားသုံးသူလက်ထဲကို ရောင်းချခြင်းအားဖြင့် ဝင်ငွေရရှိတာတင်မဟုတ်ပါဘူး။ ကိုယ့်လိုတခြားရောင်းချသူတွေကို ကိုယ့်အောက်မှာအလုပ်လုပ်ချင် လာအောင်ဆွဲဆောင်စည်းရုံးနိုင်လို့ အဲဒီအရောင်းကိုယ်စားလှယ်ကနေပြီးတော့ စားသုံးသူကို ရောင်းလိုက်ရင်လည်း အဲဒီအကျိုးခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ဆင့်ပွားအကျိုးခံစားခွင့်တွေကို အနည်းဆုံး ရှစ်ဆင့်ကနေပြီး ၁၆ ဆင့်အထိ လိုက်ပြီးတော့ပေးတဲ့အခါမှာ၊ နောက်ဆုံးစားသုံးသူလက်ထဲရောက်တဲ့အခါမှာ ဈေးကွက်ထဲကပစ္စည်းထက် ဈေးကနှစ်ဆ၊ သုံးဆလောက်မြင့်နေပါပြီ။ ဈေးမြင့်လို့ ပြင်ပစားသုံးသူကို ရောင်းရခက်တာနဲ့ ကိုယ့်ဘာသာကို ဝယ်ယူကြဆိုပြီး ဝါဒမှိုင်းသွင်းပြီး အဲဒီနည်းနဲ့ကိုယ့်အောက်ကလူတွေရဲ့ ပစ္စည်းဝယ်အားကို အပေါ်ကနေရတဲ့ဆုကြေးကို အပေါ်ပိုင်းကိုယ်စားလှယ်တွေက အများဆုံးရယူနေတာဖြစ်ပါတယ်။ ဒါကြောင့် အချိန်ကြာလာတာနှင့်အမျှ အောက်ခြေကကိုယ်စားလှယ်တွေဟာ အရှုံးပြလာပြီး နောက်ဆုံးလုပ်ငန်းကို ရပ်ဆိုင်းရလေ့ရှိပြီးတော့ အချိန်၊ ငွေကြေး၊ သိက္ခာနှင့် လူမှုရေးအရ အရာပေါင်းများစွာဆုံးရှုံးနေရပါတယ်။ MLM ရဲ့ရောင်းတဲ့ပစ္စည်းတွေဟာ ဈေးအင်မတန်မှကြီးပါတယ်။ အလွှာတွေအများကြီးကို စုကြေးပေးနေရတဲ့အတွက် ပြင်ပဈေးကွက်မှာ ယှဉ်မရောင်းနိုင်ပါဘူး။ ယှဉ်မရောင်းနိုင်တဲ့အခါကျတော့ ကိုယ်စားလှယ်တွေက ကိုယ့်ဘာသာကို ဝယ်သုံးနေရပါတယ်။ ဒါကိုပဲ ရင်းနှီးမြှုပ်နှံမှုလို့ နာမည်တပ်လိုက်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် ကျူနက်ကရောင်းတဲ့ချိပ်နဲ့ဖန်ပြားလေးတွေက ခြောက်ဒေါ်လာနဲ့တရားဝင် အခွန်ဆောင်သွင်းလာပြီး မြန်မာငွေရှစ်သိန်းနဲ့ရောင်းပါတယ်။ ဒီလုပ်ငန်းတွေမှာ အဓိကရောင်းရတဲ့ ဒီ Herbal သဘာဝဆေးဘက်ဝင်ဆေးတွေဟာ တရားဝင်တင်သွင်းခြင်းဟုတ်/မဟုတ်၊ FDA ခွင့်ပြုခြင်းရှိ/မရှိ၊ ဈေးနှုန်းသင့်/မသင့် စစ်ဆေးသင့်ပါတယ်။ MLM လုပ်ငန်းတွေဟာ အခွန်ပေးဆောင်ခြင်းရှိ/မရှိ၊ ကုမ္ပဏီမှတ်ပုံတင်/မတင်၊ လွှန်ခဲ့တဲ့အကျိုးအမြတ်တွေ ကို ပြည်ပကို ဘယ်လိုသယ်ထုတ်သွားလဲဆိုတာကို ဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိ အထူးစုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ပေးဖို့ ဆောင်ရွက်သင့်ပါတယ်။ MLM လုပ်ငန်းတွေဟာ ဈေးရောင်းနည်းက ရှင်းရှင်းလေးပါ။ ၁၀ တန်ပစ္စည်းကို ၁၁ ကျပ်နဲ့ရောင်းရင် အမြတ်ခွဲဝေမပေးနိုင်ပါဘူး။ ၁၀ တန်ပစ္စည်းကို ၁၀၀ နှင့်ရောင်းပြီးတော့ ၅၀ ကိုအမြတ်ယူပြီးတော့ Member တွေကို ၄၀ ခွဲပေးတဲ့နည်းပါ။ အမြဲတမ်းရောင်းနေရအောင်လည်း Bonus တွေနဲ့မြှားထားပါတယ်။ Bonus ရအောင် အမှတ်တွေလုပ်ထားပြီးတော့ မဝယ်ဝယ်အောင် မက်လုံးပေးထားပါတယ်။ ပြီးတော့ ဘယ်သူ့ကိုဂုဏ်ပြုတယ်။

ဘယ်သူက ဘယ်လောက်ရသွားတယ်ဆိုပြီးတော့ မက်လုံးပေးပြီးတော့ လိမ်လည်နေတာဖြစ်ပါတယ်။ လောဘရှေ့ဆောင်နေတဲ့ မသိနားမလည်တဲ့---------။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် ဆက်လက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Multi-Level Marketing(MLM) စနစ်ဟာ အမေရိကန်နိုင်ငံမှာ စက်မှုတော်လှန်ရေးနောက်ပိုင်း၌ ကုန်ပစ္စည်းများ တိုက်ရိုက်ရောင်းချသူများဟာ မိမိတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းများသာမကဘဲနဲ့ ကုမ္ပဏီကြီးများရဲ့ပစ္စည်းများကိုပါယူဆောင်ပြီး ရောင်းချပေးတဲ့ ကော်မရှင်ခရယူဆောင်ရွက်ခဲ့တဲ့စနစ်ဖြစ်ကြောင်း၊ အမှန်တကယ်ကျသင့်တန်ဖိုးထက် အဆများစွာ ဈေးနှုန်းမြှင့်တင်ရောင်းချနေတာဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။ Multi-Level Marketing စနစ်အသုံးပြုရောင်းချမှုနှင့် ပတ်သက်ပြီး ဒေသတွင်းနိုင်ငံတွေရဲ့ဆောင်ရွက်မှုကို လေ့လာသုံးသပ်ကြည့်ရာမှာ အာဆီယံနိုင်ငံများဖြစ်တဲ့ မလေးရှားနိုင်ငံဟာ ၁၉၉၃ ခုနှစ်မှာလည်းကောင်း၊ စင်ကာပူနိုင်ငံဟာ ၂၀၀၀ ပြည့်နှစ်မှာလည်းကောင်း၊ ထိုင်းနိုင်ငံဟာ ၂၀၀၂ ခုနှစ်မှာလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံဟာ ၂၀၀၄ ခုနှစ်မှာလည်းကောင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ဟာ ၂၀၁၄ ခုနှစ်မှာလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းပြီးတော့ MLM စနစ်ကို ဥပဒေနှင့်အညီ ထိန်းချုပ်ကန့်သတ်တားမြစ်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံမှာလည်း Multi-Level Marketing စနစ်နဲ့ ရောင်းချခြင်းတွေကို စားသုံးသူကာကွယ်ပေးရေးဥပဒေနဲ့ ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ MLM စနစ်ကို အသုံးပြုရောင်းချခဲ့တဲ့ ကုမ္ပဏီများနှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်ခဲ့မှုများ ပြုလုပ်ခဲ့ရာမှာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့မှာ ဒေသစရိတ်နှင့် ဖြည့်စွက်အစားအစာတို့ကို Multi-Level Marketing ဖြင့် ဖြန့်ဖြူးရောင်းချခဲ့တဲ့ ပြည်တွင်းကုမ္ပဏီ နှစ်ခု၊ ပြည်ပကုမ္ပဏီတစ်ခုတို့ကို

အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဇ)အရ ပြည်ထဲရေးဝန် ကြီးဌာနအနေနဲ့ စစ်ဆေးဖော်ထုတ်အရေးယူထားရှိခဲ့ပါတယ်။

အဆိုပါအမှုမှာ တရားခံများကို တရားစွဲတင်ပို့ပြီး ထောင်ဒဏ်ချမှတ်အပြစ်ပေးနိုင်ခဲ့ကာ ယင်းကုမ္ပဏီသုံးခုကို အမည်ပျက် (Black List) စာရင်းရေးသွင်းခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ကုမ္ပဏီပိုင်ငွေနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒီနေ့နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ် ဖြစ်တာနှင့်အညီ ရောင်းဝယ်မှုပုံစံအမျိုးမျိုးပေါ် တည်ဆဲဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါကလည်းကောင်း၊ MLM စနစ်ဖြင့်ဆောင်ရွက်သောကုန်ပစ္စည်းများကို အခွန်တိမ်းရှောင်မှုများ စိစစ်တွေ့ရှိပါကလည်းကောင်း ဥပဒေနှင့်အညီ ဒဏ်ငွေတပ်ခြင်း၊ တရားစွဲဆိုခြင်းတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် MLM စနစ်ဖြင့် တင်သွင်းရောင်းချလျက်ရှိတဲ့ အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများရဲ့ အရည်အသွေး ပြည့်မီရေး၊ အာနိသင်စစ်မှန်ကောင်းမွန်ရေး၊ ဘေးဥပဒ်ကင်းရှင်းရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က စစ်ဆေးဆောင်ရွက်ခြင်းတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တရားမဝင်တင်သွင်းမှုများကို စိစစ်တွေ့ရှိရခြင်းများရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ MLM လုပ်ငန်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးပေါ်ပေါက်ချက်များအရလည်းကောင်း၊ တိုင်ကြားချက်များအရလည်းကောင်း စိစစ်တွေ့ရှိရပါက ဥပဒေချိုးဖောက်မှုများနှင့်ပတ်သက်ပြီး အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ အရ ကုန်စည်တစ်မျိုးမျိုး၊ တိရစ္ဆာန်တစ်မျိုးမျိုး၊ ဝန်ဆောင်မှုတစ်မျိုးမျိုးနဲ့စပ်လျဉ်း၍ တားမြစ်မိန့်စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်အရေးယူနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ MLM စနစ်ဖြင့် ဆောင်ရွက်နေမှုများအပေါ် ယခင်ကအရေးပေါ်စီမံမှုအက်ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သည့်အပြင် ယခုအချိန်တွင်လည်း ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိပါကြောင်း MLM စနစ်နဲ့စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးသော်လည်း စုံစမ်းဖော်ပေါက်ခြင်း၊ တိုင်တန်းမှုများရှိခြင်းတို့ဖြစ်ပေါ်လာပါက စိစစ်ပေါ်ပေါက်ချက်ပေါ်မူတည်၍ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်

မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေစသည့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ မေးခွန်းဖြေကြားသွားတဲ့ ဝန်ကြီးအား ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ မြန်မာပြည်မှာရှိတဲ့ MLM လုပ်ငန်းတွေကို တခြားနိုင်ငံတကာလို အထူးကြပ်မတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေချမှတ်ဖို့ အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ ဥပမာ-အမေရိကန်ပြည်ထောင်စုလိုဟာဆိုရင် ဒီဆင့်ပွားအရောင်းကုန်နှစ်ဆင့်သာခွင့်ပြုထားပါတယ်။ ပြီးတော့ ဈေးနှုန်းကိုလည်း ကန့်သတ်ထိန်းညှိပေးထားပါတယ်။ နောက်ပစ္စည်းအရည်အသွေးမှန်/မမှန် စစ်ဆေးထားပါတယ်။ စသည်ဖြင့် MLM ကုမ္ပဏီတွေကို ပြည်သူလူထုမနစ်နာစေရအောင် စည်းမျဉ်းစည်းကမ်းတွေထုတ်ပြန်ပြီးတော့ ချမှတ်စစ်ဆေးပေးဖို့၊ ကြပ်မတ်ပေးဖို့ အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ထပ်ဆင့်မေးခွန်းအပေါ်မှာ ကျွန်တော်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ အောက်ပါကိစ္စရပ်နှင့်စပ်လျဉ်းပြီး တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကာကွယ်မိန့်တွေလိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုခုကို အပ်နှင်းနိုင်သည်လို့ ဖော်ပြထားရှိခဲ့ပြီး အခန်း ၃ ရဲ့ပုဒ်မခွဲ(ဂ)မှာတော့ ကျွန်တော်တို့ တင်ပြခဲ့တဲ့အတိုင်း ဝန်ဆောင်မှုတစ်မျိုးမျိုးကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့် ကျွန်တော်တို့ အရေးယူဆောင်ရွက်နိုင်ကြောင်းလည်း ဖော်ပြထားရှိပါတယ်။ ဒါကြောင့် မူလဖြေဆိုချက်ထဲမှာပါရှိတဲ့အတိုင်း ယခင်ကတော့ ကျွန်တော်တို့ အရေးပေါ်အက်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဇ)နှင့် အရေးယူဆောင်ရွက်ခဲ့သော်လည်းပဲ လက်ရှိအချိန်မှာတော့ ကျွန်တော်တို့ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ အရပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျွန်တော်တို့အနေနဲ့လည်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီပြည်တွင်းမှာဆောင်ရွက်နေတဲ့ MLM ကုမ္ပဏီများနှင့် ပတ်သက်တဲ့စာရင်းဇယားအသေးစိတ်အချက်အလက်တွေကိုလည်း ကျွန်တော်တို့ စိစစ်ကောက်ယူလျက်ရှိပါတယ်။ လက်ရှိအခြေအနေထိ

ရရှိထားတဲ့ ကုမ္ပဏီများနှင့်ပတ်သက်လို့လည်း ပြဋ္ဌာန်းထားတဲ့တည်ဆဲဥပဒေများကို စိစစ်တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုတည်းသာမကဘဲနဲ့ တင်ပြခဲ့တဲ့ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သာမက FDA စစ်ဆေးမှုဆိုင်ရာပုဒ်မ၊ ပြည်တွင်းပို့ကုန်တင်သွင်းမှုပုဒ်မ၊ အခွန်ပုဒ်မစတဲ့ ဒီအချက်တွေနဲ့လည်း တိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင် လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်မာမာခိုင် အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတို့ရှင်။ ကျွန်မကတော့ နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေတဲ့ တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမယ့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ လောင်းကစားဥပဒေများနှင့်ပတ်သက်ပြီးတော့ ၁၈၉၉ ခုနှစ်မှာ ၁၈၆၇ ခုနှစ်၊ လောင်းကစားအက်ဥပဒေကို ဖျက်သိမ်းပြီးတော့ ဥပဒေသစ်ကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၈၉၉ ခုနှစ်၊ မြန်မာနိုင်ငံတော် လောင်းကစားအက်ဥပဒေရဲ့ အဓိကအားနည်းချက်နှစ်ခုက ကျွမ်းကျင်မှုကို လောင်းကစားခြင်း၊ ကံစမ်းလောင်း ကစားခြင်းစသဖြင့် လောင်းကစားခြင်းကို နှစ်မျိုးခွဲထားတဲ့အပြင် အကောက်အစား မယူဘဲ လောင်းကစားခြင်းကို ခွင့်ပြုထားတဲ့အတွက် ဖမ်းဆီးအရေးယူတဲ့အပိုင်းနှင့် တရားစီရင်ရေး အပိုင်းတွေမှာ အယူအဆကွဲလွဲတာတို့၊ အငြင်းပွားတာတို့ ရင်ဆိုင်လာရပါတယ်။ ပြစ်ဒဏ်ပိုင်းမှာ

ဆိုရင်လည်း ငွေဒဏ်ပဲသတ်မှတ်ထားတဲ့အတွက် ထိရောက်ဟန့်တားမှုမရှိတဲ့အတွက် ဒီလောင်းကစားမှုတွေပိုပြီး ကျယ်ပြန့်လာပါတယ်။

ဒုတိယအားနည်းချက်ကဘာလဲဆိုတော့ ဥပဒေအာဏာသက်ရောက်မှုဖြစ်ပါတယ်။ နယ်ပယ်တွေကို ကန့်သတ်၊ သတ်မှတ်ထားတဲ့အခါကျတော့ အဲဒီမှာ အမိန့်တွေ၊ ဥပဒေတွေ၊ ညွှန်ကြားချက်တွေနဲ့ ရှုပ်ထွေးနေတဲ့အတွက် အရေးယူတဲ့အပိုင်းမှာ အရှုပ်အထွေးတွေဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေနဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ရန်လိုအပ်လာတဲ့အတွက် ၂၁-၁၀-၁၉၈၆ ရက်နေ့မှာ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၈၉၉ ခုနှစ် ဥပဒေကိုရုပ်သိမ်းလိုက်ပါတယ်။ ၁၉၈၆ ခုနှစ် ဥပဒေမှာကတော့ သူက ဒီကျွမ်းကျင်မှုလောင်းကစားတာကော၊ အကောက်အစားယူပြီး လောင်းကစားတာကော ဘယ်လောင်းကစားမှုပဲဖြစ်ဖြစ် လောင်းကစားမှုအားလုံးကို ပြစ်မှုမြောက်ကြောင်းသတ်မှတ်ပြီးတော့ ပြစ်မှုတွေ၊ ပြစ်ဒဏ်တွေကို ပိုမိုတိုးမြှင့်ပြီးတော့ စည်းနှောင်ထားတာတွေ့ရပါတယ်။ ဒါတွေက လောင်းကစားနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ကနေ ထုတ်ပြန်ခဲ့တဲ့ဥပဒေ၊ နည်းဥပဒေတွေရှိပါတယ်။ ဒါပေမဲ့ အဲဒီလိုပြဋ္ဌာန်းချက်တွေ ဘယ်လိုပဲရှိပေမယ့် အရေးယူဆောင်ရွက်မှုနဲ့ စုံစမ်းဖော်ထုတ်မှုအပေါင်းတွေမှာတော့ အလွန်အားနည်းနေတာတွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံမှာ ဒီလို တရားမဝင်လောင်းကစားမှုတွေ နည်းမျိုးစုံနဲ့ စတင်ဝင်ရောက်ခဲ့တာကတော့ ၁၉၈၈ ခုနှစ်ကနေစပြီးတော့ ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ စတင်ခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုလို့ရှိရင် ဟိုးတုန်းကတော့ ဒီဖဲချပ်အနီထောင်ဆိုတဲ့ ကစားမျိုးတွေကနေပြီးတော့ နောက်ပိုင်းမှာ ထိုင်းမှာ သူ့ဟာသူလုပ်နေတဲ့ Stock ရှယ်ယာဈေးကွက်တွေကို နှစ်လုံးထီ၊ သူ့မှာ တစ်လနှစ်ကြိမ်ဖွင့်တဲ့ ထီနောက်ပိတ်သုံးလုံးကို သုံးလုံးထီ စတာတွေအပြင် ဒီနိုင်ငံခြားဘောလုံးပွဲတွေကိုလည်း ဘောလုံးလောင်းကစားဖြင့် အကြီးအကျယ်လုပ်လာကြတာကို တွေ့ရပါတယ်။ ဒီဒိုင်အနေနဲ့ဆိုလို့ရှိရင်လည်း ဒီရောင်းရငွေထဲကနေပြီးတော့ ရာခိုင်နှုန်းနဲ့ယူတဲ့ ကော်မရှင်ဒိုင်၊ ပြီးတဲ့အခါကျတော့ အဲဒီကော်မရှင်ဒိုင်တွေရောင်းတာကို ဘောင်ချာတွေစုစည်းပြီးတော့ ဒိုင်ချုပ်ဆီတင်ပေးရတဲ့ ခေါင်းစုဒိုင် သူတို့အခေါ် OG လို့ခေါ်တဲ့ဒိုင် အစသဖြင့်ရှိကြပါတယ်။ တချို့ကတော့ ထင်မှာပါ။ ဒီလောင်းကစားမှုတွေရှိလာတဲ့အတွက် ပြည်သူတွေအလုပ်အကိုင်အခွင့်အလမ်းလေးတွေအဆင်ပြေတယ်လို့ ထင်ကြမှာပါ။ ဒါပေမဲ့ သေချာဆန်းစစ်ကြည့်မယ်ဆိုရင် ချဲထိုးလို့၊ ဘောလုံးလောင်းလို့ ချမ်းသာသွားတဲ့လူ တစ်မြို့မှာ ၁၀ ယောက်တောင်မရှိပါဘူး။ ဒါဆို ကျွန်မတို့ ပြည်သူတွေ ဘာရလိုက်သလဲ။ ဟုတ်ကဲ့ ရလိုက်ပါတယ်။ ချဲထိုးလို့ရလိုက်တဲ့အတွက် ဘောင်ချာနဲ့

ငွေရှုံးသွားလို့အတွက်ရလိုက်တဲ့နောင်တ ဘောင်ချာနဲ့နောင်တပဲရလိုက်ပါတယ်။ နိုင်ငံအနေနဲ့ ဘာတွေရလိုက်သလဲကြည့်တော့လဲ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး စတာတွေမှာ ထိခိုက်ပြီးတော့ နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်တွေပျက်စီးစေပါတယ်။ ၁၉၈၈ ခုနှစ်ကနေပြီးတော့ ၁၉၉၀ ခုနှစ်က မြန်မာနိုင်ငံက ပြည်သူတွေ နိုင်ငံရေးအပေါ်မှာ စိတ်ပါဝင်စားမှုရေချိန်မြင့်လာတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဒီလိုလောင်းကစားမှုတွေ အစားထိုးဝင်ရောက်လာတဲ့အတွက် ပြည်သူတွေက နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးအဆင်မပြေမှု နိုင်ငံရေးသမားတွေကို ကန့်သတ်နှိပ်ကွပ်တွေမှာ အကြောက်တရားမှုတွေရှိနေပြီးတော့ ဒီလောင်းကစားဘက်ကို စိတ်ပါဝင်စားပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲတွေနေရာမှာ လောင်းကစားတွက်နည်းဆွေးနွေးပွဲတွေရောက်လာတယ်။ ပြီးတော့ ကျွန်မတို့ ဘယ်လောက်ထိ နိုင်ငံရေးဘက်မှာစိတ်ပါဝင်စားမှုနည်းလာသလဲဆိုရင် နိုင်ငံတော်ရဲ့နေ့ထူးနေ့မြတ်တွေကိုပါ မေ့လျော့နေတဲ့အထိဖြစ်လာပါတယ်။ လောင်းကစားမှုတွေကို အရေးယူဆောင်ရွက်မှုတွေမရှိဘူးလားဆိုပြီးတော့ မေးစရာရှိနိုင်ပါတယ်။ ဖမ်းဆီးအရေးယူမှုရှိပေမယ့်လည်း ထိရောက်မှုမရှိဘူးလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြို့တစ်မြို့မှာ ဘယ်သူတွေက ဒိုင်လုပ်နေတယ်။ ဘယ်သူတွေကဒိုင်ချုပ်ဆိုတာ သာမန်ပြည်သူတွေသိနိုင်ပေမယ့် ဖမ်းဆီးအရေးယူမှုတွေမရှိခဲ့ပါဘူး။ တာဝန်သိပြည်သူတွေသတင်းပေးပေမယ့်လည်း အကြောင်းအမျိုးမျိုးနဲ့ လွတ်ပြီးတော့ ဒီအကျင့်ပျက်ခြစားမှုတွေ ဒီဒိုင်လုပ်တဲ့သူတွေကနေပြီးတော့ ဒီသက်ဆိုင်ရာနဲ့ညှိနှိုင်းအကျင့်ပျက်ခြစားလာဘ်စားမှုတွေရှိခဲ့တယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး။ ပေးတဲ့လူကလည်း ကိုယ်အဆင်ပြေဖို့ပေးတဲ့အတွက် ကျွန်တော်ကျွန်မပေးရပါတယ်လို့ ဘယ်သူမှလည်း လာပြောကြမှာမဟုတ်ပါဘူး။ ဒီနောက်ပိုင်းမှာဆိုလို့ရှိရင်လည်း ကျွန်မတို့မြို့နယ်တွေအတော်များများမှာ Our Day ခေါ်တဲ့လောင်းကစားနည်းကတစ်ခါ ထပ်ပြီးရှိလာပါတယ်။ အဲဒါတွေကဘာလဲဆိုလို့ရှိရင် ရန်ပုံငွေပွဲတွေဆိုပြီးတော့ အဲဒါတွေကို ရဲရဲတင်းတင်းလုပ်လာကြပါတယ်။ ကျွန်မလွှတ်တော်ကိုယ်စားလှယ်မဖြစ်ခင်က သထုံမြို့နယ်၊ ဘူတင်းချောင်ရွာမှာ ရန်ပုံငွေပွဲအဖြစ် Our Day လုပ်ပါတယ်။ ကျွန်မက ကျေးရွာအုပ်ချုပ်ရေးမှူးမေးတဲ့အခါမှာ သူက ဘာပြောလဲဆိုတော့ ငြိမ်းချမ်းရေးရန်ပုံငွေအတွက် လုပ်တာဖြစ်တယ်။ ရွာအတွက်လည်းမုန့်ဖိုးရတယ်ဆိုပြီးတော့ ပြောတယ်။ ရဲအဖွဲ့ကို မေးတဲ့အခါကျတော့လည်း ကျွန်တော်တို့မသိလို့ပါဆိုပြီးတော့ ခပ်ပေါ့ပေါ့ပဲဖြေတယ်။

ဥက္ကဋ္ဌကြီးရှင် Power Point အသုံးပြုခွင့်ပြုပါ။ လွန်ခဲ့တဲ့ ၁၅-၁၀-၂၀၁၆ ရက်နေ့မှာဆိုရင် Power Point မှာပြထားတဲ့အတိုင်း ကြက်ခြေနီရန်ပုံငွေအတွက် Our Day ကျင်းပဖို့ဆိုပြီးတော့

နိုင်ငံရေးပါတီတွေကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးက ဖိတ်ပါတယ်။ ကျွန်မတော်တော်အံ့သြပါတယ်။ အဆက်ဆက်ကလုပ်ခဲ့ကြတော့လည်း ဒါကိုတရားဝင်လို့များသတ်မှတ်နေသလားမသိပါဘူး။ ပါတီတွေက အဲဒီကိစ္စကို ပြတ်ပြတ်သားသားကန့်ကွက်ခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်မတို့မြို့နယ်မှာ မကြာမီက ဖြစ်ပွားတဲ့ အကြမ်းဖက်လုပ်ရပ်လေးကို တင်ပြချင်ပါတယ်။ ကျွန်မတို့မြို့နယ်က မိုးကောင်းကျေးရွာဟာဆိုလို့ရှိရင် ကျွဲ၊ နွားမှောင်ခိုမှုတွေ၊ ဒီလောင်းကစားမှုတွေအတွက် နာမည်ကြီးတာပါ။ အဲဒီထဲမှာဆိုလို့ရှိရင် ဒါကလောင်းကစားပွဲကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဒီရွာတွေရဲ့ကြားထဲမှာ ကျင်းပတဲ့နေရာပါရှင်။ အဲဒီမှာစောင့်ပေးတာကတော့ KNU တပ်မဟာက စောမောင်စိန်နှင့်အဖွဲ့ဖြစ်ပါတယ်။ ဒီနေရာကို သာမန်ပြည်သူတွေမသွားရဲပါဘူး။ အခု ဒီလိုမျိုးလုပ်ခဲ့တာ လွန်ခဲ့တဲ့လေး၊ ငါးနှစ် ကတည်းကပါ။ အခုလက်ရှိမှာတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေက နယ်မြေအသီးသီးမှာ မဲဆန္ဒရှင်တွေနဲ့ထိတွေ့ပြီးတော့ အကြောက်တရားတွေပြေလျော့အောင်လုပ်ပေးနိုင်တဲ့အတွက် တရားဥပဒေစိုးမိုးမှုကို ပြည်သူတွေပါဝင်လာပြီးတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ရုံးကို သတင်းပေးတဲ့အခါမှာ အဲဒီသတင်းပေးခဲ့တဲ့ ကျွန်မတို့ရဲ့ NLD ဒုတိယဥက္ကဋ္ဌ ရပ်/ကျေးဒုတိယဥက္ကဋ္ဌကို ဒီလိုအကြမ်းဖက်အဖွဲ့အစည်းတွေက လာရောက်ပြီးတော့ ဖမ်းဆီးတာပါ။ အဲဒီလိုဖမ်းဆီးတာကလည်း အဲဒီမှာရှိတဲ့ လောင်းကစားဒိုင်တွေက ဒီငြိမ်းချမ်းရေးအဖွဲ့တွေကို မဟုတ်မမှန်တိုင်ကြားတဲ့အတွက် အဲဒီလိုမျိုးလာပြီးတော့ ဖမ်းသွားတာပါ။ အဲဒီမှာ သေနတ်ပစ်ဖောက်ပြီးတော့ဖမ်းတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့က ညတွင်းချင်းမှာပဲ ပြည်နယ်အစိုးရနဲ့ညှိနှိုင်းဆောင်ရွက်တယ်။ အဖွဲ့အစည်းတွေနဲ့ရော၊ KNU, KNLA ငြိမ်းချမ်းရေးတပ်မဟာ(၁) အုပ်ချုပ်ရေးပိုင်းတွေနဲ့ကြိုးပမ်းမှုကြောင့် နောက်နေ့မှာပြန်လွှတ်တာ။ ဒါဟာဆိုလို့ရှိရင်။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်ပတ်သက်တဲ့အကြောင်းအရာပဲတိုက်ရိုက်ဆွေးနွေးပါ။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ ဒါဟာဆိုလို့ရှိရင် ကျွန်မတို့အတွက် တကယ့် ဥပဒေစိုးမိုးမှုကို အနှောင့်အယှက်ဖြစ်သလိုဖြစ်နေပါတယ်။ ထပ်ပြီးပြောချင်တာကတော့ ကျွန်မတို့ ဒီလောင်းကစားမှုတွေကြောင့် ပြည်သူတွေအကျင့်စာရိတ္တပျက်ပြားတာ၊ နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးရတာပါပဲ။ လောင်းကစားကြရင်းနဲ့ အရှုံးများလာတဲ့အခါမှာ အကြွေးတွေတင်လာတယ်။ ကိုယ့်သားသမီးတွေကို တစ်ဖက်နိုင်ငံကိုပို့တယ်။ ကလေးတွေက ဘာလုပ်ပြီးငွေပို့ရမှန်းလည်းမသိ ဒီမှာမိဘတွေက ချဲထိုး ကလေးတွေဘဝပျက်၊ ပိုက်ဆံမရှိတော့ ငွေတိုးချေးပြန်မဆပ်နိုင်တော့ လိမ်ပြီးပြေး၊ ချဲဖိုးငွေအတွက် အိမ်ခြံပေါင်ထားပြီးတော့ အရောင်းအဝယ်စာချုပ်ချုပ် အမှုဖြစ် လုယက်မှု

တွေဖြစ် ဒုက္ခအဖုံဖုံရောက်ခဲ့ကြရပါတယ်။ အဲဒီမိုးကောင်းရွာက ကလေးတွေဆိုရင် တစ်တန်းအရွယ်က ဖဲရိုက်တတ်နေပါပြီ။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အစိုးရက Good Governance နဲ့ Clean Government ပေါ်ပေါက်ရေးအတွက် နိုင်ငံအဝန်း တရားဥပဒေစိုးမိုးရေး လုံခြုံရေးကိစ္စရပ်များကို စီမံဆောင်ရွက်တဲ့ နေရာမှာ ဒီနယ်မြေအသီးသီးမှာပျံ့နှံ့နေတဲ့ ဒီလောင်းကစားမှုတွေပါ အနှောင့်အယှက်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆောင်ရွက်နေစဉ်ကာလ အတွင်းမှာ ဒီလောင်းကစားမှုတွေပပျောက်အောင် မလုပ်နိုင်ရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အနှောင့်အယှက်ဖြစ်နိုင်ပါတယ်။ အခုဆိုရင် ကျွန်မတို့နိုင်ငံအနေနဲ့ စီးပွားရေးမဟာဗျူဟာ၊ နည်းဗျူဟာတွေချမှတ်တယ်။ ဥပဒေတွေထုတ်ပြန်ပြီးတော့ ပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်း တွေရရှိဖို့အတွက် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ တာဝန်ရှိတဲ့ ဝန်ထမ်း တွေကလည်း ကိုယ့်ရဲ့တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်မှသာ ကျွန်မတို့ပြည်သူတွေအတွက် မကုန် တတ်သေးအိမ်မက်ပေးရင်းနဲ့ တွက်နည်းတစ်ထောင်ကြောင့် တက်တက်ပြောင်ရတဲ့ဘဝက ကင်းလွတ် နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မရဲ့အဆိုဖြစ်တဲ့ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေတဲ့ တရားမဝင် လောင်းကစား မှုများကို ထိရောက်ဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်း ကြောင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးပေးရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မာမာခိုင်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်း များစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင်တင်သွင်းသော နိုင်ငံတော် နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေ သော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံမယ့် စဥ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မိုမို့လွင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က ဒီအဆိုကိုတင်သွင်းတာဟာ နိုင်ငံနှင့်ပြည်သူများအတွက် တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေး၊ အကျင့်စာရိတ္တပိုင်းတွေကိုထိခိုက်စေတဲ့ လောင်းကစားမှုတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်စေချင်လို့ဆိုတာကို တွေ့ရှိရပါတယ်။ လောင်းကစားခြင်းကြောင့်မို့လို့ ပြည်သူတွေရဲ့ဘဝငြိမ်းချမ်းမှု လုံခြုံမှုတွေကိုပါ ဆက်နွှယ်ထိခိုက်စေတယ်ဆိုတာ အဆိုရှင်ရဲ့တင်ပြချက်မှာ ပေါ်လွင်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာ နိုင်ငံတော်ဟာ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရှိစေရမယ်၊ ဥပဒေရဲ့အကာအကွယ်ကိုလည်း တန်းတူညီမျှရယူပိုင်ခွင့်ပေးရမယ်။ ပုဒ်မ ၃၅၃ မှာ မည်သူ့ကိုမှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဥ်း၍ ဥပဒေအရအကာအကွယ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်တွေကို ပြည်သူတွေရရှိခံစားနိုင်ဖို့ အစိုးရအနေနဲ့ တာဝန်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လောင်းကစားမှုဟာ ကောင်းကျိုးမပြုပါဘူး။ စည်းစိမ်ဥစ္စာကို ဆုတ်ယုတ်စေပါတယ်။ အကျင့်စာရိတ္တကို ပျက်ပြားစေပါတယ်။ ခိုးမှု၊ လုယက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ လူသတ်မှုစတာတွေအထိ ပြစ်မှုများစွာကိုဖြစ်ပွားစေနိုင်တဲ့အတွက် နိုင်ငံတော်ရဲ့တရားဥပဒေစိုးမိုးရေးရဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေပါတယ်။ သို့ပါသော်လည်း မြို့ပြ၊ ကျေးရွာအနှံ့ သာရေး/နာရေးမှအစ ကြက်တိုက်၊ ဖဲရိုက်၊ နွားပြိုင်စတဲ့ လောင်းကစားများသာမက ဘောလုံးပွဲ၊ နှစ်လုံးထီ၊ သုံးလုံးထီစတဲ့ လောင်းကစားခြင်းများဟာ ပြန့်ပွားလာပြီးတော့ လူကြီးလူငယ်မရွေး လောင်းကစားမှုတွေ ပြုလုပ်နေကြပါတယ်။ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေကို ပြဋ္ဌာန်းခဲ့တဲ့ရည်ရွယ်ချက်ကိုက တောင်သူလယ်သမား၊ အလုပ်သမား၊ ဝန်ထမ်းများ၊ ပြည်သူများရဲ့စီးပွားရေးကို ထိခိုက်ဆုတ်ယုတ်စေတဲ့အတွက် ထိရောက်စွာဟန့်တားနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့တာဖြစ်တဲ့အတွက် ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့လိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့အဆိုမှာပါဝင်တဲ့စကားလုံးတိုင်းမှာ အဓိပ္ပာယ်များစွာပါဝင်နေတယ်လို့ ခံစားမိပါတယ်။ ရည်ရွယ်ရင်းကိုက နိုင်ငံတော်နှင့်ပြည်သူများအတွက်ဆိုတဲ့ အတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့ရင်ထဲကစေတနာကို မြင်နိုင်ပါတယ်။ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ နိုင်ငံရေးဆိုတာနဲ့ပတ်သက်လို့ အာဏာရှင်စနစ်မှာသာ ပြည်သူကို နိုင်ငံရေးကို

စိတ်မဝင်စားစေလိုဘူး။ နိုင်ငံရေးအသိ မရှိစေလိုတာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာတော့ ပြည်သူတွေရဲ့နိုင်ငံရေးအသိ ရင့်သန်။

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့ပတ်သက်တာပဲတိုက်ရိုက်ဆွေးနွေးပါ။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ ပြည်သူတွေရဲ့နိုင်ငံရေးရေချိန်မြင့်လာတာနဲ့အမျှ ဒီမိုကရေစီစနစ်က ပိုမိုရှင်သန်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေးကိုထိခိုက်ပျက်စီးခံလို့မရပါဘူးရှင်။ တရားဥပဒေစိုးမိုးရေးဆိုတာကလည်း နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောဖြစ်လို့ ထိခိုက်ခံလို့မရပါဘူး။ စီးပွားရေးနှင့်ပညာရေးဆိုတာကလည်း အပြန်အလှန်မှီတည်နေတဲ့အရာတွေဖြစ်ပါတယ်။ ပညာမြင့်မှလူမျိုးတင့်မှာပါ။ လူ့စွမ်းအားအရင်းအမြစ် နည်းပညာတွေတိုးတက်မှ နိုင်ငံရဲ့စီးပွားရေးတိုးတက်ကောင်းမွန်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုရှင်ရဲ့အဆိုမှာပါတဲ့ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတစ်မျိုးမျိုးကိုသော်မှ ထိခိုက်ခံလို့မဖြစ်တာမို့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တရားမဝင်လောင်းကစားမှုဆိုရာမှာ တရားမဝင်ဆိုကတည်းက တရားဥပဒေစိုးမိုးရေးကို ထိပါးနေပြီဖြစ်ပါတယ်။ တရားမဝင်ဖြစ်တဲ့အတွက် နိုင်ငံတော်က အခွန်အခမရသလိုလောင်းကစားဒိုင်လုပ်သူရော၊ လောင်းကစားသူများအတွက်ပါ အပြန်အလှန်အာမခံမှုမရှိပါဘူး။ ရှေးဘုရင်တွေလက်ထက်ကတည်းက ကြွေအံကစားတာတွေ၊ ကြက်ပွဲ၊ မြင်းပွဲ လောင်းကစားတွေရှိခဲ့တာပဲမို့ တရားဝင်ခွင့်ပြုလိုက်ရင် နိုင်ငံတော်အတွက် အခွန်အခရမယ်လို့လည်း တွေးမိနိုင်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေနှင့် အိမ်နီးနားချင်းနိုင်ငံတချို့မှာလည်း တရားဝင်ခွင့်ပြုလုပ်ကိုင်နေကြောင်း သိရှိရပါတယ်။ ကျွန်မတို့နိုင်ငံနဲ့မတူတဲ့အချက်က ကျွန်မတို့နိုင်ငံဟာ အခုမှ ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုစတင် ခြေလှမ်းနေရတဲ့နိုင်ငံဖြစ်ပါတယ်။ တော်တဲ့၊ ထက်တဲ့၊ နိုင်ငံရေးရင့်ကျက်တဲ့ လူငယ်လူရွယ်လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုအပ်နေပါတယ်။ မျိုးဆက်တစ်ဆက်စာလောက်အချိန်တွေမှာ အရက်သေစာ၊ မူးယစ်ဆေးဝါး၊ လောင်းကစားရဲ့သားကောင်တွေအဖြစ်နဲ့ နိုင်ငံရေးကိုစိတ်မဝင်စားနိုင်တဲ့ အခြေအနေအောက်မှာ နစ်မြုပ်နေခဲ့ရပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ တရားဝင်ခွင့်ပြုဖို့ဆိုတာ မဖြစ်သင့်ပါဘူးရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဲဒီတော့ တရားမဝင်လောင်းကစားမှုများကိုထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ဖို့ပဲရှိပါတယ်။ စီမံချက်ရှိလို့၊ အဖမ်းအဆီးရှိမယ်ကြားလို့ဒီတစ်ရက်၊ ဒီတစ်ပတ်နားပါတယ်၊ ပိတ်ပါတယ်ဆိုတဲ့ လောင်းကစားဒိုင်များရဲ့အသံ။ စီမံချက်ဆိုတာနဲ့

ကြားဖြတ်လိုင်းကြေးတောင်းဖို့ သတိပေးလိုက်သလိုဖြစ်သွားတာတွေ။ လောင်းကစားဒိုင်ကြီးတွေဆီက လိုင်းကြေးတောင်း၊ စီမံချက်အကြောင်းပြ၊ လက်ခွဲဒိုင်အသေးအချို့နှင့် အရောင်းစာရေးကော်မရှင်စားများကိုသာ အဖမ်းပြတာတွေ၊ စီမံချက်ကြောင့် ဒိုင်ကပိတ်ထား ထိုးကြေးတွေမရပေမယ့် မြို့နယ်မှူးကတော်က ပတ်လက်စဂဏန်းထွက်သွားမှာစိုးလို့ တစ်ဦးတည်းဒိုင်ဖွင့်လက်ခံပေးရတာတွေ အစရှိသဖြင့် ကွက်ကြားဥပဒေ၊ သားရေကွင်းဥပဒေတွေများနှင့် တစ်ပွဲထိုးကောက်ရိုးမီးလို လုပ်ဆောင်ခဲ့မှုများကို သိရှိနေခဲ့သဖြင့် အဆိုရှင်က ထိရောက်စွာဆိုတဲ့စကားလုံးကို ထည့်သွင်းသုံးထားတယ်လို့ ယူဆမိပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုမှာ အဆိုရှင်ရဲ့စေတနာကောင်း၊ ရည်ရွယ်ချက်ကောင်းများကို တွေ့မြင်နိုင်ပါတယ်။ ဒီအဆိုကိုကြားလိုက်တာနဲ့ ပြည်သူများနှင့် ပြည်သူများကိုကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များရဲ့စိတ်နှလုံးမှာ၊ ရှုထောင့်အမျိုးမျိုးမှာ ဆွေးနွေးအကြံပြုလိုစိတ်များ ပေါ်ပေါက်လာမှာလည်းမလွဲပါဘူး။ ဒါကြောင့်မို့လို့ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်ရဲ့အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း အလေးအနက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်မာမာခိုင်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်ကတင်သွင်းသော နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၉-၁၂-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျ ဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်ကတင်သွင်းတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက် ချေးပေးသောပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ် ၁၇ ဦးအနက် ၁၀ ဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့(၆-၁၂-၂၀၁၆ ရက်နေ့)မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန် ကျန်ရှိတဲ့ကိုယ်စားလှယ် ခုနစ်ဦး ဆက်လက် ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထီးလင်းမဲဆန္ဒနယ်က ဦးမြတ်လေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆို ကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ လယ်ယာ စိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံတကာနှင့်ယှဉ်မယ်ဆိုရင် အောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာ ယခင်က ဆန်တင်ပို့မှုအများဆုံးနိုင်ငံကနေ ယနေ့ ဆိုလို့ရှိရင် အောက်ဆုံးအဆင့်ကို ရောက်ရှိနေပါပြီ။ ကျွန်တော်တို့နိုင်ငံရဲ့ ရေမြေသဘာဝပထဝီအနေ အထားဟာ စိုက်ပျိုးရေးလုပ်ငန်းနှင့် အင်မတန်သင့်တော်တဲ့ အနေအထားပဲ ဖြစ်ပါတယ်။ သို့သော် လည်း စိုက်ပျိုးရေးလုပ်ငန်းဟာ အောင်မြင်သင့်သလောက် မအောင်မြင်နေတာကို တွေ့ရပါတယ်။ အဲဒါဘာကြောင့်လဲဆိုလို့ရှိရင် နိုင်ငံတော်အစိုးရအဆက်ဆက်အနေနဲ့ တောင်သူတွေကို ပြည်တွင်း ပြည်ပငွေကြေးရင်းနှီးမြှုပ်နှံမှုတွေ၊ ခေတ်မီတဲ့နည်းပညာပံ့ပိုးမှုတွေ၊ လယ်ယာမြေအာမခံချက်တွေ၊ သီးနှံအာမခံချက်တွေစတဲ့ ပံ့ပိုးမှုတွေအားနည်းခဲ့လို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အဓိက ပံ့ပိုးမှု ဆိုလို့ နှစ်စဉ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ကထုတ်ချေးပေးနေတဲ့ စိုက်ပျိုးရေးချေးငွေပဲဖြစ်ပါတယ်။ လယ်တစ်ဧကကို တစ်သိန်းခွဲဆိုတဲ့ ချေးငွေပမာဏဟာလည်း လယ်ယာမြေလုပ်ငန်းများမှာ ရင်းနှီးရတဲ့ မျိုးကောင်းမျိုးသန့်တွေ၊ အထောက်အကူပြုလယ်ယာသုံးပစ္စည်းတွေ၊ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေ ဝယ်ယူဖို့နဲ့၊ လယ်ယာလုပ်သားငှားရမ်းခတွေ၊ သယ်ယူစရိတ်တွေအစရှိတဲ့ တစ်ဧကကုန်ကျစရိတ်နဲ့တွက်မယ်ဆိုရင် တစ်ဝက်သာသာလောက်ပဲ ဖြည့်ဆည်းပေးနိုင်တာဖြစ်ပါ တယ်။ ဒါကလည်း စပါးသီးနှံတစ်ခုအတွက်သာဖြစ်ပါတယ်။ အခြားသီးနှံတွေဖြစ်တဲ့ နှမ်း၊ ပဲမျိုးစုံအစ ရှိတဲ့ ယာသီးနှံတွေကျတော့ တစ်ဧက နှစ်သောင်းနှုန်းဆိုတာ အင်မတန်မှနည်းတဲ့ချေးငွေတွေပဲ ဖြစ်ပါ တယ်။ လယ်တစ်ဧကကုန်ကျစရိတ်နဲ့ ယာတစ်ဧကကုန်ကျစရိတ်ဟာ ကွာခြားမှုသိပ်မရှိလှပါဘူး။ ဒါကြောင့်မို့လို့ ယာသီးနှံတွေအတွက် ချေးငွေတွေကိုလည်းပဲ အတတ်နိုင်ဆုံးတိုးမြှင့်ချေးပေးနိုင်ရေးကို စဉ်းစားပေးစေလိုပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒါ့အပြင် စပါးစိုက်လယ်ယာမြေတွေနည်းပါး ပြီး တောင်ယာလုပ်ငန်းနှင့် လှေကားထစ်စိုက်ခင်းများကိုသာ အဓိကအားထားနေရတဲ့ တောင်ပေါ် တိုင်းရင်းသား၊ ပြည်နယ်များအတွက်လည်း ဦးစားပေးထည့်သွင်းပေးပါရန် အကြံပြုတင်ပြအပ်ပါ တယ်ခင်ဗျား။ နောက်တစ်ခုတင်ပြလိုတာကတော့ စိုက်ပျိုးစရိတ်ချေးငွေကာလနှင့် ပြန်ဆပ်ကာလ ရက်သတ်မှတ်ချက်တွေပဲ ဖြစ်ပါတယ်။ မိုးသီးနှံအတွက်ဆိုလို့ရှိရင် ချေးငွေကာလကို မေလမှ စက်တင်ဘာလအထိ၊ ဆောင်းရာသီအတွက် ငွေချေးကာလကို အောက်တိုဘာလမှ ဇန်နဝါရီလကုန် အထိ၊ ပြန်ဆပ်ကာလကို နောက်နှစ်ဖွန်လအထိနှင့် မိုးရာသီအတွက်ဆိုလို့ရှိရင် ထုတ်ချေးကာလကို

ဇန်နဝါရီလမှ မတ်လကုန်အထိ ပြန်ဆပ်ကာလကို နောက်နှစ်ဖေဖော်ဝါရီလကုန်အထိဆိုပြီး ငွေချေး ကာလကို လေးလအထိအချိန်ဆွဲပြီး သတ်မှတ်ထုတ်ချေးနေတာကို တွေ့နေရပါတယ်။ အဲဒီ ငွေချေး ကာလအချိန်၊ အဲဒီကာလဟာ ငွေချေးတဲ့နေရာမှာ အချိန်ဆွဲထားနိုင်တဲ့ကိစ္စဖြစ်နေလို့ မသင့်တော်ပါ ကြောင်းနှင့် ငွေချေးကာလကို တစ်လအတွင်းမှာ အပြီးထုတ်ချေးနိုင်အောင် စီစဉ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒါ့အပြင် ရာသီအလိုက် ငွေစတင်ထုတ်ချေးပေးတဲ့နေရာမှာ အင်မတန် နောက်ကျနေတာကို တွေ့နေရပါတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် မိုးရာသီစိုက်ပျိုးနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေကို ငွေချေးမယ့် မေလမတိုင်မီ ဧပြီလ သင်္ကြန်မိုးရွာတာနဲ့တစ်ပြိုင်နက် လယ်ယာမြေအမှိုက်တိုက်တာတွေ၊ မြေပြုပြင်တာတွေ၊ လိုအပ်တဲ့မျိုးစေ့တွေ၊ လယ်ယာသုံးပစ္စည်းတွေ စုဆောင်းရတာပဲဖြစ်ပါတယ်။ လုပ်ငန်းခွင်ဆင်းချိန်ကျမှဟိုဟာလိုလိုက်၊ ဒီဟာလိုလိုက်ဆိုရင်လုပ်ငန်းခွင် တွင်ကျယ်မှုမရှိဘဲ အခက်တွေ့ကြုံရတတ်ပါတယ်။ ဒါ့အပြင် ငွေထုတ်ချေးတာနောက်ကျတဲ့အတွက် အထက်ကပြောခဲ့တဲ့ ကြိုတင်မှုလုပ်ငန်းတွေ ပြင်ဆင်နိုင်ဖို့အတွက် စိုက်ပျိုးစရိတ်ချေးလေးငွေကို မျှော်ရင်းနဲ့ ဘေးမှာအတိုးကြီးကြီးပေးပြီးဈေးယူရတဲ့အတွက် တောင်သူတွေဟာ အကြွေးသံသရာနဲ့ လည်နေရပါတယ်။ ဒါ့ကြောင့်မို့လို့ စိုက်ပျိုးရာသီအချိန်မီ ဆောင်ရွက်နိုင်ဖို့အတွက် စောပြီးမှထုတ်ပေး နိုင်ရေးကိုလည်း အကြံပြုတင်ပြလိုပါတယ်။

နောက်တစ်ခုတင်ပြချင်တာကတော့ ဘဏ်ကော်မတီဖွဲ့စည်းရေးနှင့် ကျေးရွာအရောက် ငွေထုတ်ချေးဖို့ပဲဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ချေးငွေညွှန်ကြားစာအရ ချေးငွေ စိစစ်ရေးအဖွဲ့ကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးနဲ့ တောင်သူလယ်သမားကိုယ်စားလှယ်တစ်ဦးအပါအဝင် အဖွဲ့ဝင်လေးဦးနဲ့ ကျေးရွာအုပ်စုတိုင်းမှာဖွဲ့စည်းဖို့အတွက် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် အချက်(၈)ချက်ပါတဲ့ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အဖွဲ့ အစည်းကိုစနစ်ကျအောင် ဘယ်လိုပံ့ပိုးပေးနိုင်မလဲဆိုတာကိုသာ စဉ်းစားရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး ဘဏ်ဝန်ထမ်းတွေအင်အားမပြည့်စုံမှု၊ အင်အားနည်းပါးမှုတွေကြောင့် ကာလတိုတစ်ခုအတွင်းမှာ တစ်မြို့နယ်လုံးကို ကွင်းဆင်းပြီး သွားရောက်ချေးပေးနိုင်ဖို့ဆိုတာ လွယ်တော့မလွယ်လှပါဘူး။ ဒါ့ကြောင့်မို့လို့ မြို့နယ်အတွင်းမှာအလုပ်တိုက်နယ်တွေခွဲပြီးတော့မှ သွားရောက်ချေးပေးနိုင်မလား။ ဒါမှမဟုတ်ဘူးဆိုလို့ရှိရင် ကျေးရွာဘဏ်ကော်မတီကနေပြီးတော့မှ တာဝန်ယူပြီး မိမိကျေးရွာအုပ်စု အတွက် မြို့နယ်ဘဏ်ခွဲကို သွားရောက်ပြီးချေးယူတဲ့စနစ်ကိုသုံးမလားဆိုတာ စဉ်းစားရမှာဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒါ့အပြင် ငွေချေးရာမှာလိုက်နာရမယ့် ညွှန်ကြားချက်အချို့ကိုလည်း

ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး တိုးတက်စေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ရာသီအမီလုံလောက်စွာ ထုတ်ချေးနိုင်ရေးအတွက် ရည်ရွယ်ပြီးတော့မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဲကုန်းမဲဆန္ဒနယ်က ဦးအောင်သန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန်း(သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအပေါင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို ဖြည့်စွက်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုပြုချက်မှာ စိုက်ပျိုးစရိတ်ချေးငွေကို တောင်သူလယ်သမားတွေထံ အမြန်ရောက်ရှိပြီး လယ်ယာလုပ်ငန်းခွင်တွင် ထိထိမိမိအသုံးချနိုင်ရေး ရည်ရွယ်ထားတာကိုတွေ့ရပါတယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် ယနေ့မြန်မာ့လယ်ယာမြေမှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို အရင်ဆုံးဖြေရှင်းရမှာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ တောင်သူလယ်သမားတွေမှာဥပဒေနှင့် အညီ ဖွဲ့စည်းထားတဲ့ တောင်သူလယ်သမားအဖွဲ့အစည်းတွေ မရှိသေးဘူးဖြစ်နေတယ်။ အဲဒီအဖွဲ့အစည်းတွေကို ဖွဲ့စည်းပြီးမှ ကျေးရွာဘဏ်ကော်မတီတွေကို စနစ်တကျဖွဲ့ပြီး ကျေးရွာအရောက်ငွေချေးတဲ့ပုံစံကိုလုပ်နိုင်မှာဖြစ်ပါတယ်။ တောင်သူလယ်သမားများကိုယ်တိုင်ပါဝင်တဲ့ အဖွဲ့အစည်းတွေက ဦးဆောင်ပြီးလုပ်တာဖြစ်လို့ အဂတိတရားကင်းပြီး ဥစ္စာရှင်ကိုဥစ္စာရှင်ခဲ့ဖြစ်လို့ လုပ်ငန်းတွေပိုမိုထိရောက်နိုင်ပါတယ်။ လယ်မလုပ်တဲ့လူတွေရဲ့လက်ထဲမှာ လယ်ယာမြေစီမံခန့်ခွဲပိုင်ခွင့်တွေကိုရနေရင် လယ်သမားတွေဘဝဟာ သိပ်မထူးပါဘူး။

ဒုတိယတစ်ချက်အနေနဲ့ စိုက်ပျိုးရေးစရိတ်ချေးငွေတွေဟာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်လုပ်ပိုင်ခွင့်ပုံစံ(၇)ရှိတဲ့သူတွေကိုသာ ထုတ်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့မြေပြင်ကိုကွင်းဆင်းလေ့လာတဲ့အခါမှာပဲဖြစ်စေ၊ မနေ့တစ်နေ့က ကိုယ်စားလှယ်တော်ကြီးတွေဆွေးနွေးသွားတဲ့အချက်တွေကိုပဲကြည့်ရင် ပုံစံ(၇)တွေဟာ ဖောင်းပွနေတာကိုတွေ့ရပါတယ်။ ဒါပေမဲ့လို့ မနေ့က ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးသွားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်က

ကိုယ်စားလှယ်တော်ကြီး ဦးကျော်ငြေး ဆွေးနွေးသွားတာကတော့ သူတို့နယ်မှာ လယ်လုပ်ပိုင်ခွင့်ပုံစံ(၇) လုံးဝမရဘူးလို့ ဆွေးနွေးသွားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ အလွန်တရာစိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါတွေကိုကြည့်ရင် ပုံစံ(၇)ထုတ်ပေးတဲ့ပုံစံဟာ တစ်စုံတရာအားနည်းချက်တွေရှိနေတယ်ဆိုတာကို ကျွန်တော်တို့သိနေရပါတယ်။ ဒီလိုတွေဖြစ်နေတာတွေကို ကျွန်တော်တို့သေချာစနစ်တကျစောကြောရမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကိုကြည့်ရင် ပြည်ထောင်စုလွှတ်တော်က ၃-၃-၂၀၁၂ ရက်နေ့မှာ ပြဋ္ဌာန်းပြီး ၃၁-၈-၂၀၁၂ ရက်နေ့မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရရဲ့သဘောတူညီချက်နဲ့ ထုတ်ပြန်ခဲ့တယ်။ ၎င်းဥပဒေကိုအကောင်အထည်ဖော်တဲ့နေရာမှာ မြန်နှုန်းမြင့်ပုံစံနဲ့ အကောင်အထည်ဖော်ခဲ့တာဖြစ်လို့ ပုံစံ(၇)တွေထုတ်ပေးရာမှာ သေချာမစိစစ်နိုင်ဘဲ ဖောင်းပွနေတာတွေတွေ့ရတယ်။ ဒေသတော်တော်များများမှာပုံစံ(၇)ထုတ်ပေးရာမှာ အဓိကကျတဲ့ (၁၀၅)၊ (၁၀၆) ပုံစံတွေမရှိဘဲ ထုတ်ပေးထားတာတွေကို တွေ့ရတယ်။ အဲဒီလို (၁၀၅)၊ (၁၀၆)နဲ့ ထိန်းကွပ်ထားရမယ့်ပုံစံ(၇)ကို (၁၀၅)၊ (၁၀၆)နဲ့မထိန်းကွပ်နိုင်တဲ့အခါခုလိုဖောင်းပွမှုဖြစ်တယ်။ ဥပမာဆိုလို့ရှိရင် ၁ ဆိုတဲ့ဂဏန်းကို အောက်ကအမြီးဆွဲပြီး ၃ လို့ပြင်ထားတာတွေတွေ့ရတယ်။ အချို့နေရာတွေမှာ မြေတိုင်းစာရေးအချို့နှင့်အုပ်ချုပ်ရေးမှူးအချို့တွေပေါင်းပြီး လယ်မရှိသူတွေကို ပုံစံ(၇)တွေထုတ်ပေးထားတာကိုတွေ့ရတယ်။ ဦးပိုင်တစ်ခုအတွင်းမှာ နာမည်နှစ်ခုပေါက်နေတာတွေတွေ့ရတယ်။ ဒါ့ကြောင့်မို့လို့ အဲဒီပုံစံ(၇)တွေကို စနစ်တကျမစိစစ်ရင် ကျွန်တော်တို့ရဲ့ ဒီစိုက်ပျိုးရေးစရိတ်ထုတ်ချေးတဲ့ပုံစံဟာလည်း ထိရောက်မှာမဟုတ်ဘူးလို့မြင်ပါတယ်။

တတိယအချက်အနေနဲ့ပြောရရင်တော့ စိုက်ပျိုးရေးစရိတ်ကို အိမ်တိုင်ရာရောက်ထုတ်ပေးတဲ့စနစ်ဟာ မြန်မာပြည်မှာ ၁၉၅၃ ခုနှစ်ကနေပြီးတော့ ၁၉၉၇ ခုနှစ်ထိလုပ်လာခဲ့တာဖြစ်လို့ အတွေ့အကြုံရှိပြီးသားဖြစ်တယ်။ ဒါပေမဲ့ ကနေ့ဒီစနစ်ကိုပြန်ကျင့်သုံးမယ်ဆိုရင် အဓိကပြဿနာကဘာလဲလို့ဆိုရင်ဝန်ထမ်းနည်းပါးနေတဲ့ပြဿနာဖြစ်တယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်မှာ မန်နေဂျာအပါအဝင်ဝန်ထမ်းက ၁၃ ယောက်လောက်ပဲရှိတယ်။ အဲဒီအင်အားနဲ့ တစ်မြို့နယ်လုံးကို ငွေချေးလို့မဖြစ်နိုင်ဘူး။ ချေးငွေပမာဏဟာလည်း များလာလို့ လုံခြုံရေးအင်အားကလည်း လိုအပ်လာတယ်။ ဒါတွေကိုကျွန်တော်တို့ကြိုတင်တွက်ဆပြင်ဆင်ရမှာဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပြည်သူ့ကောင်စီကဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းတွေအပါအဝင်လုပ်ရတာဖြစ်တယ်။ ယခုထုတ်ချေးတဲ့စိုက်စရိတ်ချေးငွေဟာ သိပ်နောက်ကျနေတာမို့ စိုက်စရိတ်မဟုတ်ဘဲ ရိတ်သိမ်းစရိတ်တွေဖြစ်နေတာကိုလည်း ပြင်ဆင်သင့်ပါတယ်။

**မှူကြမ်း**

ချုပ်ပြီးပြောရရင်တော့ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်အဆိုကို အကြံပြု ထောက်ခံရင်းနဲ့ တောင်သူလယ်သမားများရဲ့ ဆင်းရဲမွဲတေမှုက ကင်းလွတ်ပြီး တောင်သူလယ်သမား တွေရဲ့ လယ်လုပ်ချင်စိတ်ကင်းမဲ့နေတဲ့အခြေအနေကို ကုစားနိုင်တဲ့ လယ်ယာမြေဥပဒေတစ်ခု ပေါ်ပေါက်အောင်ကြိုးပမ်းကြဖို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ရွာငံမဲဆန္ဒနယ်က ဦးအောင်စိုးမင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည် တင်သွင်းထားသော မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ချေးငွေနှင့် ပတ်သက်တဲ့ အဆိုကို မိမိရဲ့မဲဆန္ဒနယ်ကို အခြေခံပြီး ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးအနေနဲ့ ကျွန်တော့်မဲဆန္ဒနယ် ကအခြေအနေကို တင်ပြပါရစေ။ ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ဟာ ပင်လယ်ရေမျက်နှာပြင်အမြင့် ၄၀၈၂ ပေအထက်မှာရှိသော တောင်ပေါ်ဒေသမြို့တစ်မြို့ဖြစ်ပါတယ်။ စိုက်ပျိုးမြေဧရိယာစုစုပေါင်း ၆၇၂၈၂ ဧကရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီသီးနှံထုတ်လုပ်မှု၊ မိုးစပါးချေးငွေ တစ်ဧက တစ်သိန်းခွဲနှုန်းနှင့် ၄၇၉၆ ဧကရှိပြီး ဆောင်းသီးနှံ ထုတ်လုပ်မှုဘဏ်ချေးငွေမှာ တစ်ဧက နှစ်သောင်းနှုန်းဖြင့် ၂၉၀ ဧက၊ လက်ဖက်ချေးငွေတစ်ဧက နှစ်သောင်းနှုန်းဖြင့် ဧက ၁၅၀၀ ချေးယူကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးရာမှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဓိကစိုက်ပျိုးထုတ်လုပ် သည့် သီးနှံများအပေါ်မူတည်ပြီးတော့ ချေးငွေနှုန်းထားများကို သတ်မှတ်ပေးသင့်ပါတယ်။ ကျွန်တော် တို့ ရှမ်းပြည်နယ်ဟာ တောင်ပေါ်ဒေသဖြစ်တဲ့အတွက် စပါးစိုက်တောင်သူများရှိသလို အများစုမှာ တောင်ပေါ်သီးနှံဖြစ်တဲ့ လက်ဖက်၊ ကော်ဖီ၊ လိမ္မော်စတဲ့ နှစ်ရှည်သီးနှံများအပြင် ခရမ်းချဉ်၊ မုန်လာ၊

အာလူး၊ စလပ်၊ မုန်ညှင်း၊ ဂျုံး၊ ကြက်သွန်ဖြူ ဂျင်းစသည်တို့ကို စိုက်ပျိုးကြပါတယ်။ စပါးတစ်ဧကကို စပါးစိုက်တောင်သူအတွက် တစ်ဧကတစ်သိန်းခွဲနှုန်းထုတ်ချေးပေးမှုမှာ အဆင်ပြေသော်လည်း ရာသီသီးနှံများအတွက် တစ်ဧက နှစ်သောင်းနှုန်းမှာ အင်မတန်မှ နည်းလွန်းလှပါတယ်။ ရှာငံမြို့နယ်မှာဆိုရင် လက်ဖက်စိုက်ဧက ခြောက်ထောင်ကျော်ရှိပြီးတော့ ကော်ဖီစိုက်ဧက ၇၁၆၅ ဧက ရှိပါတယ်။ ယခုအခါမှာ ခနဒေသမှထွက်ရှိတဲ့ လက်ဖက်ခြောက်ကို Green Tea အဖြစ် အဆင့်မြင့်ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန် ကြိုးစားနေပါတယ်။ ဒါပေမဲ့ လက်ဖက်တစ်ဧကချေးငွေဟာ နှစ်သောင်းနှုန်းပဲ ရပြီးတော့ ဝေးလံတဲ့မြို့ပေါ်ရှိ စိုက်ဘဏ်ကိုသွားရောက်ထုတ်ယူရတဲ့အတွက်လည်းကောင်း၊ ပုံစံ ၇ မရရှိခြင်းကြောင့်လည်းကောင်း၊ စိုက်ဘဏ်မှထုတ်ချေးတဲ့ငွေဟာ လုံလောက်မှုမရှိပါဘူး။ ကျွန်တော်တို့ ရှာငံမြို့နယ်မှာထွက်ရှိတဲ့ကော်ဖီဟာဆိုလို့ရှိရင် ကမ္ဘာကလက်ခံတဲ့ Organic လက်မှတ်ရ အရည်အသွေးအဆင့်မီ ပြည်ပပို့ကုန်ဖြစ်ပါတယ်။ ဒါပေမဲ့ ကော်ဖီတစ်ဧကချေးငွေဟာ နှစ်သောင်းနှုန်းသာ ရတဲ့အတွက် ပေါင်းမြက်ရှင်းလင်းရသည့် ခြံရှင်းခတောင်မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ခနဒေသမှာထွက်ရှိတဲ့ ပြည်ပပို့ကုန်ဖြစ်တဲ့ လက်ဖက်နဲ့ကော်ဖီချေးငွေများကို လုံလောက်တဲ့ပမာဏပြည့်မီအောင် တိုးမြှင့်ထုတ်ချေးပေးသင့်ပါတယ်။ ကျွန်တော်တို့ ခနဒေသဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နှစ်ရှည်ဘဏ်ချေးငွေတွေက ပိုပြီးတော့သင့်တော်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယတင်ပြလိုတဲ့အချက်က အဆိုရှင်တင်ပြသလို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ် ထုတ်ချေးရာမှာ ပါလီမန်ဒီမိုကရေစီစနစ်မှစတင်၍ ၁၉၉၈-၁၉၉၉ ခုနှစ်အထိ ကျေးရွာဘဏ်ကော်မတီစနစ်ဖြင့် ကျေးရွာအရောက်ထုတ်ချေးပေးခဲ့ပါတယ်။ ထိုစဉ်အခါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်မှာ ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးရာမှာ တောင်သူများအချိန်မီရရှိစေရေးအတွက် ဝန်ထမ်းအင်အားပြည့်စုံမှုလိုသလို မြို့နယ်စိုက်ဘဏ်ရုံးများလည်း ရှိဖို့လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မြို့နယ်ပေါင်း ၅၅ မြို့နယ်ရှိပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ စိုက်ပျိုးရေးဘဏ်ခွဲရှိတဲ့မြို့နယ်ခြောက်မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ကျိုင်းတုံတစ်မြို့တည်းသာရှိပြီးတော့ အခုအချိန်အထိ ဘဏ်ဖွင့်လှစ်ခြင်း မရှိသေးပါဘူး။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ငါးမြို့နယ် စုစုပေါင်း ရှမ်းပြည်နယ်တစ်ခုလုံးမှာ ၁၂ မြို့နယ်သာရှိပါတယ်။ မြို့နယ်ဘဏ်ခွဲ ၁၂ ခုကနေပြီးတော့ မြို့နယ်ပေါင်း ၂၇ မြို့နယ် ကို စိုက်ပျိုးစရိတ်ထုတ်ချေးပေးပါတယ်။ ကျန်တဲ့ ၂၈ မြို့နယ်ကတော့ ယခု

အချိန်အထိ စိုက်ပျိုးစရိတ် ချေးငွေမရရှိသေးပါဘူး။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မြို့နယ်တိုင်း စိုက်ပျိုးရေး ဘဏ်ခွဲရရှိရေးအတွက် အလေးထားဆောင်ရွက်ပေးသင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအနေနဲ့ အကြံပြုဆွေးနွေးလိုတာကတော့ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် တောင်သူလယ်သမားများအတွက် အကြီးမားဆုံးအခက်အခဲမှာ သီးနှံပေါ်ချိန် သီးနှံဈေးနှုန်းကျဆင်းခြင်း ဖြစ်ပါတယ်။ စိုက်ပျိုးရေးဘဏ်ပြန်ဆပ်တဲ့အချိန်မှာ သီးနှံပေါ်ချိန်ဖြစ်ပါတယ်။ စပါးပေါ်ချိန်စပါးဈေးကျ၊ နှမ်းပေါ်ချိန်နှမ်းဈေးကျဆိုတဲ့ အနေအထားဟာ ကျွန်တော်တို့ တောင်သူဦးကြီးများ နှစ်ပေါင်းများစွာခံနေရတဲ့ ဒုက္ခဖြစ်ပါတယ်။ အဲဒီ ဒုက္ခတွေက လွတ်မြောက်ဖို့ဆိုလို့ရှိရင် သီးနှံဈေးကွက်ရရှိရေး၊ ဈေးကွက်ခိုင်မာရေးအတွက် ကူညီဆောင်ရွက်ပေးသင့်ပါတယ်။ တောင်သူများဘဝဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စိုက်ပျိုးစရိတ်ချေးငွေအပြင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲတတ်ရန်နှင့် ဈေးနှုန်းချိုသာစွာရရှိနိုင်ရန် ပံ့ပိုးကူညီပေးသင့်ပါတယ်။ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ မိုးလေဝသတင်းအချက်အလက်များ၊ သီးနှံဈေးနှုန်းများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်တဲ့ မိုဘိုင်းဖုန်းများမှတစ်ဆင့် အချက်အလက်များပေးသင့်ပါတယ်။ သီးနှံဈေးကွက်ရရှိရေး၊ ဈေးကွက်ခိုင်မာရေးအတွက် ကူညီဆောင်ရွက်ပေးသင့်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးရာတွင် တောင်သူလယ်သ မားများ၏အခက်အခဲကို ကူညီဖြေရှင်းရန်ဆိုသည့် ရည်ရွယ်ချက်အောင်မြင်စေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမားများမှလည်း စိုက်ပျိုးစရိတ်ချေးငွေကို လျင်မြန်လွယ်ကူစွာ ချေးယူရရှိစေရေးအတွက်လည်းကောင်း၊ စိုက်ပျိုးစရိတ်ထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံသို့ တောင်သူများအတွက် ပြောင်းလဲချိန်တန်ပြီဖြစ်ပါတယ်။ အမှန်တကယ်ပြောင်းလဲဖို့ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနမှ အလေးပေးဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြဆွေးနွေးရင်း ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ

ခင်ဗျား။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ဦးမျိုးဇော်အောင်ဖြစ်ပြီးတော့ ပြည် မဲဆန္ဒနယ်က ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည် တင်သွင်းထားတဲ့အဆိုနှင့်ပတ်သက်ပြီး အကြံပြုဝင်ရောက် ဆွေးနွေး သွားမှာဖြစ်ပါတယ်။ အဆိုရှင်က ဒီအဆိုကိုတင်တာဟာ တောင်သူတွေရဲ့အကျိုးစီးပွားအတွက် တင်သွင်းတယ်လို့ အကြွင်းမဲ့ယုံကြည်ပါတယ်။ ကျွန်တော့်ရှေ့က ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စား လှယ်အများစုကလည်းပဲ တောင်သူတွေရဲ့အကျိုးစီးပွားကို မီးမောင်းထိုးပြပြီးတော့မှ ဆွေးနွေးသွားကြ တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။ ဒါပေမဲ့ တောင်သူတွေ လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲတွေအတွက် ဒီဟာက အဖြေတစ်ခုရှာပေးနေတယ်လို့လည်း ကျွန်တော့်အနေနဲ့မြင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ စိုးရိမ်တာတစ်ခုရှိပါတယ်။ ပေါ့စေလိုလို့ကြောင်ရုပ်ထိုး ဆေးအတွက် ကြောင့်လေးဆိုတဲ့အဖြစ်မျိုး ကြုံရမှာကို ကျွန်တော် စိုးရိမ်တဲ့အတွက်ကြောင့်မို့လို့ တောင်သူများ ကိုယ်စားပဲ ဝင်ရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းသလို ဘဏ်ကော်မတီတွေနဲ့ ကျေးရွာအရောက် သွားချေးမယ်ဆိုလို့ရှိရင် အဓိကပြဿနာကြီးသုံးခုကို ကျွန်တော် မြင်ပါတယ်။ နံပါတ်(၁) အချိန်အားဖြင့် ပိုကြာနိုင်တာဖြစ်ပါတယ်။ အဆိုရှင်က ဒီအဆိုတင်တာဟာ ပိုပြီးတော့ မြန်စေချင်လို့ အိမ်တိုင်ရာရောက်၊ ရွာတိုင်ရွာရောက် သွားချေးတဲ့စနစ်မျိုးကို အဆိုပြုတင်တာဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ မြင်တာကတော့ ကျွန်တော်တို့ ကောလင်းမြို့ဆိုလို့ရှိရင် ကျေးရွာပေါင်း ၂၁၁ ရွာရှိပါတယ်။ ပြီးတော့ ဘဏ်ဝန်ထမ်းတွေဆိုတာလည်းပဲ အကန့်အသတ်ရှိတဲ့အခါမှာ ရွာတိုင်းကို ရောက်အောင်သွားပို့ဖို့ဆိုလို့ရှိရင် ဒီဥစ္စာက လိုအပ်တာထက်ပိုပြီးတော့မှ အချိန်တွေအများကြီး ပိုကြာသွားနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ပိုမြင်ပါတယ်။ ပိုမမြန်ဘဲနဲ့ ပိုကြာသွားနိုင်တာ ဖြစ်ပါတယ်။

နံပါတ်(၂)အချက်ကတော့ ဒီငွေကြေးတွေ၊ လူတွေ မလုံခြုံခြင်းဖြစ်ပါတယ်။ တစ်မြို့နယ်၊ တစ်မြို့နယ်မှာ အရင်တုန်းကနဲ့ မတူပါဘူး။ အရင်တုန်းက ထုတ်ချေးတယ်ဆိုတာက တစ်ဧကမှာမှ ဘယ်လောက်မှမများဘူး။ ယခုဆိုရင် တစ်ဧကကို တစ်သိန်းခွဲနှုန်းနဲ့ ထုတ်ချေးတဲ့အခါမှာ တစ်မြို့နဲ့ တစ်မြို့ ကိုင်တွယ်ရတဲ့ ငွေကြေးအင်အားက အရမ်းများပါတယ်။ ဒီဘဏ်ဝန်ထမ်းတွေအနေနဲ့ ဘဏ်ကော်မတီတွေက ရွာတွေကို ဒီငွေတွေ အလုံးလိုက် အရင်းလိုက် သယ်သွားမယ်ဆိုလို့ရှိရင် လမ်းခရီးမှာ ဒီငွေကြေးတွေ ပျက်စီးပျောက်ဆုံးမှုဖြစ်မယ်ဆိုရင် ဘယ်သူတာဝန်ယူမလဲ။ ဒါ အရင်တုန်း က ဧရာဝတီတိုင်းဒေသကြီးဘက်မှာ ရှိပါတယ်။ လှေမှောက်လို့ ပိုက်ဆံတွေအကုန်လုံး ဆုံးရှုံးသွားတာ တွေ၊ ဘာတွေရှိပါတယ်။ တစ်ခုခုကြောင့် ပျက်စီးသွားတယ်ဆိုလို့ရှိရင် တာဝန်ကအရမ်းကြီးပါတယ်။

ပြီးတဲ့အခါတော့ ခိုး၊ ဆိုး၊ လု၊ ယက်မှုတွေလည်း အများကြီးကြုံရနိုင်တဲ့အခါမှာ ဒီဥစ္စာက ပိုပြီးတော့မှ အန္တရာယ်အရမ်းများပြီး၊ တာဝန်အရမ်းကြီးလွန်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

နံပါတ်(၃)အချက်ကကျတော့ တခြားဘေးထွက်ဆိုးကျိုးတွေအဖြစ်နဲ့ အကျင့်ပျက်ခြစားမှုတွေ ပေါ်လာနိုင်တာဖြစ်ပါတယ်။ လက်ရှိလုပ်ပိုင်ခွင့်ပဲရှိတဲ့ ဘဏ်ကော်မတီတွေနဲ့ ကျေးရွာသူရွာသားတွေ ရင်ဆိုင်ရတဲ့အခါမှာတောင်မှ ပြဿနာအများကြီးရှိပါတယ်။ ဘဏ်ကော်မတီက ထောက်ခံမပေးလို့ ပိုက်ဆံထုတ်လို့မရတာတို့၊ ဘာတို့တွေ အများကြီးရှိပါတယ်။ ဒီကော်မတီတွေကသာ ထောက်ခံတဲ့ အဆင့်တင်မကဘဲနဲ့ ပိုက်ဆံပါ သူတို့ဆီက ထုတ်ရမယ်ဆိုတဲ့အဆင့်ဖြစ်သွားပြီဆိုလို့ရှိရင် ကျေးရွာသူ ကျေးရွာသားတွေက ရွာသူရွာသားအချင်းချင်း ပြန်ပြီးတော့ကြောက်နေရတဲ့အဆင့်မျိုး ပြန်ဖြစ်လာပြီး တော့မှ မလိုလားအပ်တဲ့ဘေးထွက်ဆိုးကျိုးတွေ ကြုံလာရနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ အဆိုရှင်ဆွေးနွေးခဲ့သလို စိုက်ပျိုးစရိတ်ချေးငွေကိစ္စက မြစိမ်းရောင်စီမံကိန်းက ချေးငွေသဘောတရား တွေနဲ့၊ ငွေကြေးသဘောတရားတွေနဲ့မတူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြစိမ်းရောင်ရဲ့သဘောတရား ကကျတော့ သူက ငွေကြေးအားဖြင့်လည်း နည်းတယ်။ တစ်ရွာမှ သိန်း ၃၀၀ လောက်ပဲပေးတာပါ။ ပြီးတဲ့အခါကျတော့ ပေါ့ပေါ့ပါးပါးရှိတယ်။ သူ့အချိန်ကလည်းပဲ လွတ်လွတ်လပ်လပ်ဆောင်ရွက်ရတဲ့ သူ့အချိန်တစ်ခုမှာ ဆောင်ရွက်ရတဲ့အနေအထားမှာရှိတာဖြစ်ပါတယ်။ ဒါပေမဲ့ စိုက်ပျိုးစရိတ်ချေးငွေက သူ့အချိန်သူရောက်မှ ဖြစ်မယ့်ကိစ္စဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအချက်သုံးချက်ကို ပြန်ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဘဏ်ကော်မတီတွေနဲ့ ကျေးရွာအရောက် သွားပို့ဖို့ဆိုတာ လောလော ဆယ်အခြေအနေအရ လက်တွေ့မကျဘူးလို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုံခြုံရေးအင်အား ပေးထားနိုင်မှုကလည်းပဲ အရမ်းနည်းပါတယ်။ ဒါပေမဲ့ ဒီအဆိုဟာ အောင်သည်ဖြစ်စေ၊ မအောင်သည် ဖြစ်စေ အဆိုရှင်ရဲ့ မူရင်းစေတနာဖြစ်တဲ့ ဘဏ်ချေးငွေ အလွယ်တကူအဆင်ပြေရေးအတွက် နည်းလမ်းတစ်ခုရှာဖို့တော့ သင့်တော်တဲ့အချိန်ဖြစ်တယ်ဆိုတာကတော့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီနေရာကပဲ အကြံပြုဆွေးနွေးချင်တာက ဝန်ကြီးဌာနအနေနဲ့ သင့်တော်တဲ့၊ ပိုမိုမြန်ဆန်နိုင်တဲ့စနစ်တစ်ခုကိုလည်းပဲ စဉ်းစားပေးဖို့၊ ဘဏ်ကိုသွားပြီးတော့ တန်းစီနေ ရတဲ့အဆင့်မျိုးမဟုတ်ဘဲနဲ့ ပိုလွယ်တဲ့အဖြေတစ်ခုရှာပေးဖို့လည်းပဲ အကြံပြုတိုက်တွန်းလိုပါတယ်။ ဥပမာဆိုလို့ရှိရင် ဘဏ်လည်းဖြစ်တဲ့အခါကျတော့၊ ဘဏ်လုပ်ငန်းလည်းဖြစ်တဲ့အခါကျတော့ ငွေသား ထုတ်ချင်တဲ့သူက ငွေသား၊ တချို့ဆိုလို့ရှိရင် အခုဆိုလို့ရှိရင် စီးပွားရေးလုပ်ငန်း (Commercial

Bank) တွေက မြန်မာ့ရှေ့ဆောင်တို့၊ ကမ္ဘောဇတို့လို ဘဏ်တွေလည်း အများကြီးပေါ်လာပါတယ်။ ပေါ်လာတဲ့ အခါမှာ ကျွန်တော်က လယ်သမားမို့လို့ ကျွန်တော့်ရဲ့ Bank Account ထဲကို လွှဲပေးပါ။ အချိန်မရွေး ကျွန်တော် လိုအပ်တဲ့အချိန် သွားထုတ်မယ်ဆိုတာမျိုး ဒါ ထုတ်ချင်တဲ့ဟာမျိုးတွေလည်း Bank Account ချင်းလွှဲပေးတာတို့၊ ဘာတို့ ပိုကောင်းတဲ့နည်းလမ်းတစ်ခုခုကို ဝန်ကြီးဌာနအနေနဲ့ အဖြေရှာ ပေးဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာပဲ ဝန်ကြီးဌာနကို ပိုမိုကောင်းမွန်တဲ့ အဖြေတစ်ခုရှာပေးဖို့ တိုက်တွန်းရင်းနဲ့ လက်ရှိအဆိုဟာတော့ဖြင့် အတည်ပြုဖို့ မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထွန်းမြင့်(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ နှင့် ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက် ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်ပြီးတော့ နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဟာလည်း ကျေးလက်နေပြည်သူ တွေဖြစ်ပြီး အများစုကလည်း စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံလုပ်ကိုင်ကြသူတွေဖြစ်ပါတယ်။ အဆိုရှင်က တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီ လွယ်ကူလျင်မြန်စွာချေးယူရရှိရန်၊ ချေးငွေထုတ်ယူရာတွင် ကုန်ကျစရိတ်သက်သာစေရေးနှင့် ချေးငွေ အဟောသိကံမဖြစ်စေရေးဆိုပြီး တောင်သူတွေ စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဆွေးနွေးတင်ပြထားတာတွေ့ရပါတယ်။ တောင်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်မား လာစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးဖို့ ပြည်ထောင်စုအစိုးရအနေနဲ့ လုပ်ဆောင်ရာမှာ ခေတ်မီစိုက်ပျိုးနည်းစနစ်တွေ ပညာပေးဖြန့်ဝေခြင်း၊ မှန်ကန်တဲ့မျိုးကောင်းမျိုးသန့် များရရှိရန် ကူညီပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများစိုက်ပျိုးချိန်အမီ လုံလောက်စွာရရှိရေး၊ သီးနှံ

အာမခံထားရှိရေး စတာတွေကို ကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ နောက်ပြီးတော့ ဒီလို ဆောင်ရွက်တဲ့နေရာမှာဆိုလို့ရှိရင် လုပ်ငန်းအတွေ့အကြုံများပြီး လုပ်ငန်းအပေါ်မှာ စေတနာထား ဆောင်ရွက်နိုင်မယ့်ဝန်ထမ်းအင်အားတွေ ပြည့်စုံလုံလောက်ဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးစရိတ် ထုတ်ချေးပေးတဲ့နေရာမှာလည်း အချိန်ကြန့်ကြာရတဲ့အကြောင်းအရင်းတွေထဲမှာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ရုံးတွေမှာ ဝန်ထမ်းအင်အားနည်းပါးတာ၊ ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းပြည့်မီစွာမရှိတာ တွေ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းအင်အားကို တိုးချဲ့မဖွဲ့စည်းနိုင်သေးဘူးဆိုရင်တောင်မှ ဖွဲ့စည်းပုံအတိုင်း ပြည့်မီအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကနေပြီးတော့ စိုက်ပျိုးစရိတ်ထုတ်ချေးပေးတဲ့နေရာမှာ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးတဲ့အချိန် နောက်ကျတာ၊ ကုန်ကျစရိတ်များတာ၊ ချေးငွေလုံလောက်စွာရရှိရေး စတာတွေကို ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ်အများစုကလည်း ဆွေးနွေးသွားကြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့ အဓိကတင်ပြချက်ဖြစ်တဲ့ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး ကျေးရွာ အရောက် သွားရောက်ထုတ်ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ရန်ဆိုတာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးရမယ်ဆိုလို့ရှိရင် လက်ရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ကျေးရွာတွေမှာ ချေးငွေစိစစ် ရေးအဖွဲ့ဆိုတာကို ဖွဲ့စည်းပြီးဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ ချေးငွေချေးယူရာမှာ အဆင်ပြေ တာတွေ၊ အဆင်မပြေတာတွေ၊ ပြဿနာရှိတာ၊ မရှိတာ စတာတွေဟာ ဒီအဖွဲ့ရဲ့ စေတနာထားပြီးတော့မှ ဆောင်ရွက်မှုတွေအပေါ်မှာ မူတည်တာတွေ့ရပါတယ်။ ဒီထက်ပိုပြီး အဆင်ပြေချောမွေ့ဖို့ ဒီကျေးရွာ ဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး စီမံဆောင်ရွက်မယ်ဆိုလို့ရှိရင်တော့ ပိုမိုကောင်းမွန် လာမှာဖြစ်ပါတယ်။ ကျေးရွာအရောက် သွားရောက်ထုတ်ချေးပေးဖို့ဆိုတဲ့နေရာမှာတော့ အခုနက လွှတ်တော်ကိုယ်စားလှယ်အချို့ ဆွေးနွေးသွားသလိုပါပဲ။ ငွေကြေးပမာဏများပြားတာတွေ၊ နောက်တစ်ခါကျတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ ဝန်ထမ်းအင်အားနည်းပါးတာတွေ၊ နောက်ပြီးတော့ ငွေကြေးပမာဏများပြားတဲ့အတွက် လုံခြုံရေးအတွက် တာဝန်ယူရမယ့်အပိုင်းတွေမှာ လုံခြုံမှုမရှိနိုင်တာတွေ စတာတွေ၊ နောက်ပြီးတော့ တစ်မြို့နယ်လုံးကို လွှမ်းခြုံပြီးတော့ သွားရလာ ရမယ်ဆိုတဲ့အခါကျရင် အချိန်အများကြီးကြန့်ကြာမှာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာ အရောက် ထုတ်ချေးပေးဖို့ဆိုတဲ့အနေအထားမှာတော့ အခက်အခဲတွေရှိနိုင်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်ဘီလီယံ ၅၀၀ ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ

ချေးယူရေးနှင့်ပတ်သက်ပြီး ကိုယ်စားလှယ်များရဲ့ ဆွေးနွေးမှုတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ရှင်းလင်းတာမှာ ငွေကြေးပမာဏများပြားတာရယ်၊ ဝန်ထမ်းအင်အားလုံလုံလောက်လောက်မရှိသေးတာရယ်ကြောင့် ကျေးရွာအရောက်မချေးနိုင်ရင်တောင် အုပ်စုအလိုက်ရောက်အောင် ချေးနိုင်တဲ့အစီအစဉ်မျိုးကို ကြိုးစားဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့တာကို ကျွန်တော် မှတ်သားဖူးပါတယ်။ ကျွန်တော်တို့ အခု လွှတ်တော်တွေ နားတဲ့အချိန်မှာ၊ ကာလတွေမှာ ကျွန်တော်တို့ မဲဆန္ဒရှင်က ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ သူတို့တွေသည် စိုက်ပျိုးစရိတ်ချေးငွေနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ကို ဆွေးနွေးတင်ပြတာရှိပါတယ်။ အဲဒါကတော့ သူတို့ မြို့ပေါ်အထိ သွားရောက်ပြီးတော့မှ စိုက်ပျိုးစရိတ်ထုတ်ချေးရတဲ့အတွက် ကုန်ကျစရိတ်များတာ၊ အချိန်ကုန်တာ၊ တခြားစိုးရိမ်ပူပန်ရတာတွေရှိတဲ့အတွက် ဇုန်ကျတဲ့နေရာပေါ့။ ဇုန်ကျတဲ့နေရာတွေမှာ ရုံးခွဲဖွင့်လှစ်ပြီးတော့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်လို့ရှိရင် ထုတ်ချေးပေးတဲ့အချိန်မှာ သူတို့တွေနဲ့ လက်လှမ်းမီတဲ့၊ သွားရေးလာရေးလွယ်ကူတဲ့နေရာတွေမှာ လာရောက်ပြီးတော့မှ ဆောင်ရွက်ပေးဖို့ပဲဖြစ်ဖြစ် ဆိုပြီးတော့ တောင်းဆိုထားကြတာရှိပါတယ်။ ဒီလိုမျိုး ကျေးရွာအရောက်မထုတ်ချေးပေးနိုင်ဘူးဆိုရင်တောင်မှ၊ သွားရေးလာရေးလွယ်ကူတဲ့ ဇုန်ကျတဲ့နေရာတွေမှာ ဘဏ်ခွဲမဖွင့်လှစ်နိုင်ဘူးဆိုရင်တောင်မှ ဒီနေရာတွေမှာ ကျေးရွာအုပ်စုတွေကို စုပေါင်းပြီးတော့မှ ထုတ်ပေးနိုင်မယ်ဆိုလို့ရှိရင်ကတော့ ချေးငွေထုတ်ချေးရတဲ့ တောင်သူတွေရဲ့အခက်အခဲတွေ တော်တော်လေးလျော့နည်းသွားမယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကိုလည်း ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ အလေးအနက် ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ထဲမှာ မိမိဒေသရဲ့လိုအပ်ချက်တွေ၊ ပြည်သူတွေရဲ့အခက်အခဲတွေကို ပြည်သူတွေကို ကိုယ်စားပြုပြီးတော့ မေးခွန်းမေးတာ၊ အဆိုတင်သွင်းတာ၊ ဆွေးနွေးကြတာ၊ အကြံပြုတင်ပြကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးရေးတွေလုပ်တဲ့နေရာမှာ၊ စီမံကိန်းတွေအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ လိုအပ်ချက်တွေ၊ အခက်အခဲတွေ ရှိကောင်းရှိပါလိမ့်မယ်။ ဒီအကြောင်းတွေနဲ့ပဲ ဒါ ပြည်သူတွေရဲ့ဆန္ဒကို လျစ်လျူရှုမနေသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ပါတယ်။ နိဂုံးချုပ်ပြောကြားရရင်တော့ နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ တောင်သူတွေဘဝမြှင့်တင်မှ၊ တောင်သူတွေချမ်းသာမှ ကျွန်တော်တို့ တိုင်းပြည်ချမ်းသာမှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူတွေရဲ့ဘဝမြှင့်တင်ဖို့ရန်အတွက် အခြေခံကျတဲ့ စိုက်ပျိုးစရိတ်ထုတ်ချေးပေးရာမှာ

**မူကြမ်း**

အချိန်မီ လျင်မြန်လွယ်ကူစွာရရှိရေး၊ စရိတ်အကုန်အကျသက်သာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး စိုးရိမ်ပူပန် သောကလျော့နည်းစေရေးတို့အတွက် ပြည်ထောင်စုအစိုးအနေနဲ့ မှန်ကန်ကောင်းမွန်တဲ့ နည်းလမ်းများ ရွေးချယ်ပြီးတော့မှ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကျော်မင်းဟန်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုအား အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် တောင်သူလယ်သမားများ၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအဆက်ဆက်က မြန်မာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာမှာ မြစိမ်းရောင် စီမံကိန်းချေးငွေ၊ သမဝါယမချေးငွေများအဖြစ်လည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)(ခ)နှင့် ပုဒ်မ ၂၉ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေ အခန်း(၂) ပုဒ်မ ၆ ပုဒ်မခွဲ(က)တို့အရ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် မြစိမ်းရောင်ချေးငွေ စီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဖော်ဆောင်ခဲ့ပြီး သမဝါယမဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို သမဝါယမအသင်းသားများ၏ အစု စုဆောင်းငွေများဖြင့်လည်းကောင်း၊ အသင်းအချင်းချင်းပံ့ပိုးငွေများဖြင့်လည်းကောင်း ၂၀၁၃ ခုနှစ်မှ စတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှဘဏ်ထံမှ ချေးငွေတို့ဖြင့်လည်းကောင်း ထုတ်ချေးငွေ ကျပ်သန်း ၅၆၉၁၃၅.၀၄၇ ထုတ်ချေးပေးခဲ့သောကြောင့် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုး ရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေကို ပြင်ပမှအတိုးနှုန်းငွေမြင့်မားစွာဖြင့် ချေးငှားရခြင်းမှ အတန်အသင့် သက်သာခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား မြန်မာ့စိုက်ပျိုးရေး နှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေအခန်း(၂) ပုဒ်မ ၄ အရ ရုံးချုပ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထား

ပြီး တိုင်းဒေသကြီး/ပြည်နယ် ဘဏ်ခွဲ ၁၅ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၀၈ ခု စုစုပေါင်း ၂၂၄ ခု၊ ဘဏ်ဝန်ထမ်း စုစုပေါင်း ၂၄၁၉ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက်ရရှိငွေ မြန်မာကျပ် ၁၇၀၀ ဘီလီယံဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တွင် ငွေစုစာရင်းဖွင့်လှစ်ကာ စုဆောင်းသူလယ်သမားများအား သက်သာသောအတိုးနှုန်းဖြင့် ချေးငွေ ထုတ်ချေးပေးလျက်ရှိပါတယ်။ ဘဏ်ရှိငွေစုစာရင်းဖွင့်လှစ်သည့်တောင်သူဦးရေ ၁.၉ သန်းခန့် ရှိပြီး ချေးငွေစိစစ်ရေးအဖွဲ့များမှ တင်ပြပါအတိုင်း စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရပါတယ်။ တောင်သူလယ်သမားများအတွက် ချေးငွေများအား ယခင်က စပါးတစ်ဧက ငါးထောင်ကျပ်နှုန်းနှင့် အခြားသီးနှံတစ်ဧက သုံးထောင်ကျပ်နှုန်းဖြင့် ချေးပေးခဲ့ပြီး ယခုအခါ စပါး တစ်ဧက တစ်သိန်းငါးသောင်းကျပ်နှုန်း၊ အခြားသီးနှံတစ်ဧက နှစ်သောင်းကျပ်နှုန်းသို့ တိုးမြှင့် ထုတ်ချေးပေးခဲ့သဖြင့် ချေးငွေပမာဏ အလွန်များပြားလာသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေ ဖြင့် မူလလုပ်ငန်းတာဝန်များအပြင် ချေးငွေများသယ်ယူရာတွင် လုံခြုံရေးအတွက်ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ရေးနှင့် လုံခြုံရေးနှင့်အတူ ဖြစ်ပေါ်လာနိုင်သောအခြေအနေ နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒီနေရာတွင် တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီလွယ်ကူလျင်မြန်စွာ ချေးယူရရှိနိုင်စေရေးနှင့် စရိတ် အကုန်အကျသက်သာနိုင်ရေးအတွက် ကြိုတင်ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်သင့်သည့် အချက် အလက်အချို့ကို အကြံပြုဆွေးနွေးလိုပါတယ်။ မြို့နယ်များတွင် လက်ရှိကျေးရွာဘဏ်ခွဲ ၂၀၈ ခုရှိပြီး ဘဏ်ဝန်ထမ်း ခုနစ်ဦးမှ ၁၂ ဦးခန့်ဖြင့်သာ လုပ်ငန်းများဆောင်ရွက်နေသည့်အတွက် ကျေးရွာများသို့ ဘဏ်ချေးငွေများ ပို့ဆောင်ရာတွင် ဆက်စပ်ကျေးရွာများအတွက်ပါ ငွေများပို၍ သယ်ယူရခြင်း၊ ငွေများသယ်ရန်အတွက် ယာဉ်များလိုအပ်ခြင်း၊ လမ်းခရီးလုံခြုံရေး ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုများ ရှိလာနိုင်ခြင်း၊ ဘဏ်နှင့် ကျေးရွာများသို့ နေ့ချင်းပြန်၊ ညအိပ်စသည်ဖြင့် ငွေတင်ရမှာဖြစ်တဲ့အတွက် ဝန်ထမ်းများအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှု ပိုမိုမြင့်မားလာမှာဖြစ်ပြီး ၎င်းအချက်များမှာ တောင်သူလယ်သမားများအတွက် စိုက်ပျိုး စရိတ်အချိန်မီရရှိရေးနှင့် လက်ဝယ်ရရှိရေးအတွက် အဓိကကျသည့်အချက်ဆိုတာ အကြံပြုတင်ပြလိုပါတယ်။ ငွေထုတ်ချေးရာတွင် ချေးငွေများပြားသည့်အတွက် လက်ရှိထုတ်ပြန်ထား သော ကျေးရွာဘဏ်စည်းမျဉ်းများ အခန်း(၆) ပုဒ်မ ၁၅ အရ ဖွဲ့စည်းထားသော ကျေးရွာဘဏ် ကော်မတီဝင်အရေအတွက်မှာ လုံလောက်မှုမရှိနိုင်ပါသဖြင့် ဘဏ်ကော်မတီဝင်များအပြင် ရာအိမ်မှူး၊

ဆယ်အိမ်မှူးနှင့် ကျေးရွာစာရေးများမှ ကူညီပေးရန်လိုအပ်ပါတယ်။ စေတနာ့ဝန်ထမ်း၊ ကျေးရွာဘဏ် ကော်မတီဝင်များကိုလည်း ထိုက်သင့်သောဆုကြေးပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ဝန်ထမ်းများကို လည်း ထိုက်သင့်သော အုပ်ချုပ်မှုကုန်ကျစရိတ်၊ နေ့တွက်အသုံးစရိတ်များ ပေးရန်လိုအပ်ပါတယ်။ ထိုကုန်ကျသော အသုံးစရိတ်များကိုကာမိရန် လိုအပ်သောအစီအမံများကို ကြိုတင်စီမံဆောင်ရွက် နိုင်ရန် အရေးကြီးပါတယ်။ ထို့အပြင် တောင်သူများ ချေးငွေထုတ်ယူပြီးချိန် အမှန်တကယ် စိုက်ပျိုးခြင်း ရှိ/မရှိကို ကွင်းဆင်းစစ်ဆေးကြီးကြပ်ပေးရန်နှင့် တောင်သူများလိုအပ်သော ဓာတ်မြေဩဇာ၊ ပိုးသတ် ဆေး၊ ထွန်ယက်စိုက်ပျိုးမည့် စက်ကိရိယာများအတွက်လည်း သက်ဆိုင်ရာဌာနများ၊ အသိအမှတ်ပြု ကုမ္ပဏီ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ကိုင်ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါတယ်။ စိုက်ပျိုး စရိတ်ချေးငွေများ ပိုမိုအကျိုးဖြစ်ထွန်းစေရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ငွေကြေးမဟုတ်သော အခြားသွင်းအားစုများကို ကူညီထောက်ပံ့ခြင်း၊ သီးနှံများစိုက်ပျိုးခြင်း၊ ရိတ်သိမ်း ခြင်း၊ သိုလှောင်ခြင်းတို့တွင် လေလွင့်ပျက်စီးမှုနည်းပါးစေရေးအတွက် နည်းစနစ်များကူညီထောက်ပံ့ ခြင်း၊ သီးနှံဈေးကွက်သင့်တင့်မျှတမှုရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကျေးရွာများအထိ လမ်းပန်း ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရန် အစိုးရ၊ အဖွဲ့အစည်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း တို့လည်း လိုအပ်မည်ဖြစ်ပါတယ်။

ဒီနေရာမှာ လုံခြုံရေးကဏ္ဍသည် အလွန်အင်မတန်အရေးကြီးကြောင်း သတိပြုရမှာ ဖြစ်ပါ တယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြို့နယ်များအလိုက် ကျေးရွာဘဏ်များဖွင့်လှစ်ရာ တွင် မြို့ ၂၀၈ မြို့တွင်သာ ဖွင့်လှစ်နိုင်သဖြင့် မြန်မာနိုင်ငံ၏မြို့နယ်ပေါင်း ၃၃၀ တွင် ၆၃ ရာခိုင်နှုန်းသာ ဖွင့်လှစ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၎င်းအခြေအနေကို လေ့လာကြည့်ပါက တောင်သူလယ် သမားများ ဆုံးရှုံးမှုအနည်းပါးဆုံးဖြင့် လက်ဝယ်ရရှိအောင် ဆောင်ရွက်ဖို့ဆိုသည်မှာ လုံခြုံရေးကဏ္ဍ ဟာလည်း အရေးကြီးအခန်းကဏ္ဍမှာပါဝင်နေကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် တောင်သူလယ် သမားများအား စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်များ အချိန်မီထုတ်ချေးနိုင်ရေးနှင့် နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့မှုပေးနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လုံခြုံရေးကိစ္စရပ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ် ဝန်ကြီးဌာနများနှင့် ကြိုတင်ညှိနှိုင်းပူးပေါင်းကာ စီမံချက်များရေးဆွဲ၍ ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍမှာလည်း ပိုမို တိုးတက်စေပြီး ဘဏ်များနှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပိုမိုကျယ်ပြန့်သည့်

ဝန်ဆောင်မှုများပေးရန်နှင့် လုပ်ငန်းချဲ့ထွင်ရန် အခွင့်အလမ်းများစွာ ရှိကြပါတယ်။ အီလက်ထရောနစ်စနစ်ဖြင့် ပေးချေရသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ဥပမာ ဘဏ်များမှထုတ်ပေးသည့်ကတ်များ၊ အင်တာနက်ဘဏ်စနစ်၊ မိုဘိုင်းဖုန်းမှတစ်ဆင့် ဆက်သွယ်အသုံးပြုနိုင်သော ဘဏ်စနစ်နှင့် အီလက်ထရောနစ်စနစ်ဖြင့် ငွေလွှဲပေးပို့မှုများ ကျယ်ပြန့်စွာ ကြိုးပမ်းလျက်ရှိပါတယ်။ ယခုအခါ မိုဘိုင်း Banking များ တွင်ကျယ်စွာအသုံးပြုလာပြီဖြစ်၍ ၎င်းစနစ်တွင် ဝင်ရောက်ဆောင်ရွက်နေခြင်းသည် စဉ်းစားသင့်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ စဉ့်ကိုင်မြို့နယ်မှ ဒေသခံပြည်သူများဟာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်အသက်မွေးကြတဲ့အတွက် ဒေသခံတောင်သူများရဲ့ကိုယ်စားဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုမှာပါဝင်တဲ့ (၁) စိုက်ပျိုးစရိတ်ချေးငွေ၊ (၂) ကျေးရွာဘဏ်ကော်မတီ၊ (၃) ကျေးရွာအရောက်ချေးပေးသော ပုံစံဆိုပြီးတော့ အပိုင်း ၃ ပိုင်းခွဲဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ စီးပွားဖြစ်ကိန်းသီးနှံ ၁၅ မျိုးအနက် စပါး၊ ကုလားပဲ၊ ပဲတီ၊ မြေပဲ၊ နှမ်း၊ ဝါ စတဲ့ခြောက်မျိုးကို အဓိက စိုက်ပျိုးပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အမှန်တကယ်စိုက်ပျိုးဧကပေါင်း စပါးဧက ၃၀၀၀၀ ကျော်နှင့် အခြားသီးနှံဧက တစ်သိန်းကျော် စုစုပေါင်း ၁၃၀၀၀၀ ကျော်စိုက်ပျိုးခဲ့တယ်လို့ သိရှိရပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ စပါးနှင့် အခြားသီးနှံဧက ၃၀၀၀၀ ကျော်အတွက် ထုတ်ချေးပေးနိုင်ခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။ ယခုကဲ့သို့ အမှန်တကယ်စိုက်ပျိုးဧကနှင့် ချေးငွေထုတ်ပေးရတဲ့ဧက ကွာခြားနေရခြင်းဟာ (၁) စီးပွားဖြစ်ကိန်းသီးနှံသတ်မှတ်ချက်များကြောင့်လား၊ (၂) စိုက်ပျိုးချေးငွေထုတ်ချေးလိုလျှင် ပြည့်စုံရမည့်အချက်ငါးချက်ဖြစ်တဲ့ ငွေစုဘဏ်စာအုပ်ရှိရမယ်၊ ပုံစံ(၇)၊ မှတ်ပုံတင်၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီရဲ့ထောက်ခံချက်၊ ချေးငွေစိစစ်ရေးအဖွဲ့ရဲ့ထောက်ခံချက်စတဲ့အချက်တွေဟာ ငွေချေးချင်တဲ့တောင်သူတွေကို အတားအဆီးအခက်အခဲဖြစ်နေသလား၊ (၃) ချေးငွေထုတ်ပေးတဲ့ကာလဟာ သုံးလမှ ငါးလအထိ ကြာမြင့်နေတဲ့အတွက် အချိန်မီမရခြင်း၊ ထုတ်ယူရာမှာ ကရိကထများလွန်းခြင်း စတာတွေကြောင့် တောင်သူတွေ

အပေါ်မှာ ဆွဲဆောင်နိုင်မှုအားနည်းနေသလား၊ (၄) သုံးစွဲရတဲ့ကာလကလည်း တစ်နှစ်အတွင်းသာရှိတဲ့ အတွက် ထိရောက်သောပံ့ပိုးမှုမဖြစ်လို့လား၊ အဲဒီလိုအချက်တွေကို ပြန်လည်စိစစ်သုံးသပ်ပြီးတော့ ဖြေလျော့သင့်တာတွေကို ဖြေလျော့ပေးဖို့ လိုပါမယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျေးရွာဘဏ်ကော်မတီများ စနစ်တကျဖွဲ့စည်းခြင်းနှင့် ပတ်သက်လို့ကတော့ ကော်မတီဝင်တွေကို ရပ်ရွာက ကြည်ညိုလေးစားတဲ့ အရေးအဖတ်၊ အတွက်အချက်ပိုင်နိုင်သူများကို ဒီမိုကရေစီနည်းကျကျ ပွင့်လင်းမြင်သာစွာ ရွေးချယ်ပေးသင့်ပါတယ်။ ပြည်သူတွေကိုယ်တိုင် ပါဝင် စီမံ ခန့်ခွဲတတ်စေဖို့ ရည်ရွယ်ပြီးတော့ ကျေးရွာဘဏ်ကော်မတီများ၊ စနစ်တကျဖွဲ့စည်းလုပ်ဆောင်စေခြင်း ဖြင့် လှပတဲ့ဒီမိုကရေစီစနစ်ရဲ့အခြေခံတစ်စိတ်တစ်ပိုင်းအဖြစ် အသက်ဝင်လာစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနဲ့ လုပ်တဲ့လုပ်ငန်းတွေမှာဆိုရင်လည်း ဒီလိုရပ်/ကျေးကော်မတီတွေ ဖွဲ့ပြီးတော့ လုပ်ဆောင်အောင်မြင်နေတာပဲဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျေးရွာအရောက် သွား ရောက်ချေးပေးသောပုံစံဆိုတာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြရမယ်ဆိုရင် အဲဒီစနစ်ပုံစံဟာ အခုမှ အထူးအဆန်းအနေနဲ့ ပြောင်းလဲရမှာမဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ ၁၉၉၇ ခုနှစ်အထိ သက်ဆိုင်ရာဌာနတွေဟာ ကျေးရွာအထိဆင်းပြီးတော့ ငွေထုတ်ချေးပေးခဲ့ကြဖူးပါတယ်။ ၁၉၉၈ ခုနှစ် နောက်ပိုင်းရောက်မှ တောင်သူတွေက မြို့ပေါ်ဘဏ်တွေကို လာရောက်ထုတ်ယူရတဲ့ ယခုလက်ရှိ ပုံစံ စနစ်ကို ပြောင်းလဲသွားခြင်းဖြစ်ပါတယ်။ ကျွန်မတို့မြို့နယ်နှင့် ချိန်ထိုးပြရရင် စိုက်ဧက ၃၀၀၀၀ ကျော် အတွက် တောင်သူ ၈၀၀၀ ကျော်ဟာ မြို့ပေါ်တက် ချေးငွေလာထုတ်ကြရပါတယ်။ အချိန်ကုန်၊ လူပန်း ကုန်ကျစရိတ်ပိုမိုတာတွေတင်မကဘဲနဲ့ ဘဏ်ရှေ့မှာပင် ခိုးယူခံရခြင်းများလည်းရှိခဲ့ပါတယ်။ တကယ် လို့ ကျေးရွာဘဏ်ကော်မတီအဖွဲ့ဝင်များကပဲ ကိုယ်စားပြုလာထုတ်မယ်ဆိုရင် ၅၃ အုပ်စုရှိတဲ့ ကျွန်မတို့ မြို့နယ်မှာ ကော်မတီဝင် ၅ ဦးနှင့် ဖွဲ့စည်းတယ်ဆိုပါစို့။ ၂၆၅ ယောက်သာ လိုပါမယ်။ လူအင်အား၊ ငွေအား အများကြီးသက်သာရုံသာမက ဘဏ်ဝန်ထမ်းများအနေနဲ့ ကျစ်လျစ်မြန်ဆန်စွာဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်ရှင်။ ငွေကြေးလုံခြုံမှုအတွက် လိုအပ်မယ်ဆိုလို့ ရှိရင် ရဲအစောင့်အရှောက်ထည့်ပေးနိုင်ဖို့ ဌာနချင်းချိတ်ဆက်ဆောင်ရွက်ဖို့ လိုအပ်ပါမယ်။ ကျေးရွာ အရောက်ငွေချေးပေးခြင်းနှင့် ပြန်လည်ကောက်ခံ သိမ်းဆည်းမှုအတွက် ပိုလာနိုင်တဲ့ကုန်ကျစရိတ်ကို ဖြေရှင်းဖို့အတွက်တော့ တောင်သူတွေအပေါ်က အတိုးနှုန်းပိုမိုကောက်ခံမှုမျိုးနဲ့ မဖြေရှင်းမိဖို့ကလည်း ထည့်သွင်းစဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။ နောက်ထပ်တစ်ချက်အနေနဲ့ ဘဏ်ဝန်ထမ်းအင်အား

ပိုလိုအပ်လာနိုင်မလားဆိုတဲ့အချက်ပါ။ ပြည်သူကိုပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီအချက်ဟာလည်း သိပ်ခက်ခဲစရာမရှိဘူးလို့ သုံးသပ်မိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေဖြင့် ဆွေးနွေးအကြံပြုရမယ်ဆိုရင် စိုက်ပျိုးစရိတ်ချေးငွေအပေါ် တောင်သူများပိုမိုစိတ်ဝင်စားမှုရှိစေရန်နှင့် အမှန်တကယ် စိုက်ဧကကို လွှမ်းခြုံအောင်ချေးပေးနိုင်စေဖို့ အချက်အလက်မှန်ကန်ရပါမယ်။ ဖြေလျှော့သင့်တာတွေကို ဖြေလျှော့ပေးရပါမယ်။ ပြီးရင် ချေးပေးကာလတစ်နှစ်ကနေ နှစ်ရှည်ချေးပေးနိုင်ဖို့ ရည်မှန်းချက်ထားလုပ်ဆောင်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီချေးငွေအတွက် တောင်သူများဟာဆိုရင် တစ်နှစ်အတိုးနှုန်း ၈ ရာခိုင်နှုန်း ပေးရပါတယ်။ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၃ ရာခိုင်နှုန်းနဲ့ မြန်မာ့စီးပွားရေးဘဏ်က ၅ ရာခိုင်နှုန်း ရရှိတယ်လို့ သိရပါတယ်။ ဘဏ်တွေအနေနဲ့လည်း ပိုမိုသက်သာတဲ့အတိုးနှုန်းနဲ့ ပြည်ပချေးငွေတွေကနေပြီးတော့ ချေးပေးမယ်ဆိုရင် အမြတ်အစွန်းလည်းရနိုင်တဲ့အတွက် နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်။ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ ကျွန်မတို့နိုင်ငံအတွက် ကျေးဇူးရှင်တောင်သူဦးကြီးတို့ရဲ့လူနေမှုဘဝမြင့်ဖို့က အလွန်အရေးကြီးလှပါတယ်။ အစိုးရအနေနဲ့ တခြားစိုက်ပျိုးရေးအထောက်အကူပြုသွင်းအားစုတွေကို လုံလောက်စွာ မပံ့ပိုးသေးနိုင်တဲ့ကာလမှာ တစ်ဖက်တစ်လမ်းက အထောက်အပံ့ဖြစ်စေတဲ့ ဒီစိုက်ပျိုးစရိတ်ချေးငွေကိုတော့ အဆင်ပြေဆုံး၊ အလွယ်ကူဆုံးဖြစ်အောင် လုပ်ဆောင်ပေးသင့်တယ်လို့ ထင်မြင်ယူဆမိတဲ့အတွက် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားပေးမှာဖြစ်ပါတယ်။ ရှင်းလင်းချက်ကို မဖတ်ကြားမီမှာ ပထမဦးဆုံးအနေနဲ့ပြောချင်တာကတော့ အခုလို ပါဝင်ပြီးတော့ ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံကနေ ဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးကျေးဇူးတင်ကြောင်းပါ။ ဘာကြောင့်လဲဆိုတော့ ပညာရပ်တစ်ခုအနေနဲ့ လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ Input များများရရှိခြင်းဟာ ကျွန်တော်တို့အတွက် တန်ဖိုးရှိပါတယ်။ စဉ်းစားစရာဟာတွေရှိပါတယ်။ လက်သင့်ခံတာတွေကို လက်သင့်ခံ။ သုံးလို့ရတာတွေကိုသုံး။ အကျိုးဖြစ်ထွန်းစေတဲ့အရာကို ဆက်လက်ဆောင်ရွက်ဖို့ရတဲ့အတွက် ဦးစွာပထမအနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပြောကြားချင်ပါတယ်။ ဒီဟာလေးကို ရှင်းလင်းမဖြေကြားမီမှာ အနည်းအကျဉ်းလေး၊ ဗဟုသုတဖြစ်ဖွယ်လေးကို တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကတော့ ဆီဆိုင်မဲဆန္ဒနယ်က ဦးခွန်သန်းထူးတင်ပြတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ တွေ့ရှိရတဲ့အားနည်းချက်ဖြစ်ပါတယ်။ ဈေးငွေကို ဈေးယူလိုတဲ့သူတွေဟာ မိမိဈေးယူလိုတယ်ဆိုလို့ရှိရင် မိမိရဲ့ Demand လို့ခေါ်တဲ့ မိမိရဲ့ဆန္ဒအပေါ်မှာမူတည်ပြီးတော့ ဈေးငွေထုတ်ယူလိုကြောင်းကို အခုလာမယ့်နှစ်မိုးမှာဈေးမယ်ဆိုရင် ဒီနှစ် ဒီဇင်ဘာလမှာ ဘဏ်ကနေစာရင်းကောက်ပြီး ဘဏ်ကိုစာရင်းပေးဖို့လိုပါတယ်။ အဲဒီအသိကလေးကိုတော့ အားလုံးကို ပေးပေးဖို့လိုပါတယ်။

နောက် ဒုတိယတစ်ချက်အနေနဲ့ ကျွန်တော့်အနေနဲ့တင်ပြချင်တာလေးတစ်ခုရှိပါတယ်။ ရှားတောမြို့နယ်ကိစ္စပါ။ ကျွန်တော်တို့မှာ ဘဏ်တွေကမရှိသေးလို့ပေါ့။ ဒါပေမဲ့လည်းပဲ မြန်မာ့ဘဏ်အနေနဲ့ ရှားတောမြို့နယ်မှာ ကြိုတင်စီစဉ်ဆောင်ရွက်ပြီး ရှေ့နှစ်မှာ ရှားတောအတွက် ထုတ်ချေးဖို့ အစီအစဉ်တွေကို ဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်းကိုလည်း သတင်းပါးချင်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ သာယာဝတီမဲဆန္ဒနယ်က တင်ပြချက်ဖြစ်ပါတယ်။ သာယာဝတီမဲဆန္ဒနယ်မှာ ထူးထူးခြားခြား ၈၀၀၀၀ လောက်ပဲရှိတာကနေပြီးတော့ ပိုပြီးတော့ ထုတ်ချေးထားတယ်ဆိုတဲ့ပြဿနာပါ။ အဲဒီမှာ ဘာကြောင့်ကျွန်တော်တင်ပြရတာလဲဆိုတော့ အဲဒီမှာ Error တစ်ခုတွေ့ပါတယ်။ အဲဒီ Error ကရုံးမှာ လုပ်စဉ်က ခဏခဏတွေ့နေရတဲ့ Error ပါ။ အုပ်ချုပ်ရေးသဘောတရားနဲ့ တရားဥပဒေရေးသဘောတရားနှစ်ခုကို ရောထွေးသုံးစွဲကြတဲ့အတွက် အမှားဖြစ်တဲ့ Error ဖြစ်ပါတယ်။ အဲဒီကောင်ကြီးကို ကျွန်တော်လေ့လာကြည့်လိုက်တဲ့အခါမှာ စောစောကပြောတဲ့ သာယာဝတီမှာ

ဘာကြောင့်ပိုသလဲဆိုတော့ ကျွန်တော့်မှာ၊ နှစ်ယောက်စလုံးမှာသွားပြီးတော့ အားနည်းချက်သွား တွေ့ရတယ်။ တစ်ဦးသော သူကဘာလဲဆိုရင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ မြေနုကျွန်းတွေ၊ ကိုင်းမြေတွေကို ထုတ်ချေးပေးပါလို့ပြောတဲ့အတွက် စည်းကမ်းနဲ့မညီညွတ်ဘဲနဲ့ ထုတ်ပေးလိုက်တာက ကျွန်တော် တို့ရဲ့မြို့နယ်မှူးဖြစ်ပါတယ်။ အဲဒီကောင်လည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ မထုတ်ပေးလိုက်တဲ့ အတွက်၊ ပိုလျှံနေတဲ့အတွက် အရေးယူဖို့ပြောပါ တယ်။ ဒါကလည်းပဲ ကျွန်တော်ပြောချင်တဲ့အချက် မဟုတ်ပါဘူး။ ဒီလို Case မျိုးတွေက အမြဲတမ်းကြုံတွေ့နေရတဲ့ကိစ္စတွေပါ။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီးမှာ ဒီလိုအဆင့်မျိုးမပြောနဲ့ ဝန်ကြီးလိုအဆင့်မျိုးတောင်မှ မိမိမှာ ဇယား(၂)အရ ဖွဲ့စည်းထားတဲ့ဥပဒေတွေကို ဆန့်ကျင် ခဲ့တဲ့အတွက် တိုးတိုးတိတ်တိတ်ခေါ်ပြောရတာတစ်မျိုးရှိသလို ဆောင်ရွက်ပါလို့ ပြောလို့ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြောချင်တာက ဒီဟာလေးကို အခုလွှတ်တော်မှာပြောခွင့် ရတဲ့အတွက် အနည်းအကျဉ်း ကျွန်တော်တင်ပြခွင့်ပြုပါ။ ကျွန်တော့်ရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိတဲ့ ဝန်ထမ်းတွေကို ကျွန်တော်မှာထားတဲ့အချက်ကလေးသုံးချက်တည်းပါ။ မများပါဘူး။ ကျွန်တော် တစ်မိနစ်၊ နှစ်မိနစ်ပဲ သုံးပါမယ်။ အဲဒါကတော့ ဘာလဲလို့ဆိုလို့ရှိရင် ဝန်ထမ်းတွေကို မှာတိုင်း မှာတိုင်းပြောတဲ့အခါမှာ သတ်မှတ်စည်းမျဉ်းစည်းကမ်းကို တိကျစွာလိုက်နာရန်၊ ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်ရန်၊ အားလုံးသိပြီးသားဖြစ်တဲ့အတိုင်းပဲ ဥပဒေအထက်မှာဘယ်သူမှမရှိပါ ဘူး။ No one is above the Law လူတိုင်းလက်ခံပြီးသားဖြစ်ပါတယ်။ ဒီအချိန်မှာ ဝန်ထမ်းဘဝမှာ ပြည်နယ်/တိုင်းဒေသကြီးပဲရောက်ရောက်၊ နယ်ပဲရောက်ရောက် ရွေးယခင်ခေတ်ကတည်းက စွဲနေတဲ့ ဟာက ဘယာသုကတိနဲ့ ဆန္ဒာသုကတိ ကြောက်၍လည်းမင်းတို့မလုပ်ပါနဲ့။ ဆန္ဒာသုကတိလည်း မလုပ်ပါနဲ့။ ဒါကပထမတစ်ချက် ကျွန်တော့်မှာကြားချက်ဖြစ်တယ်။ ဒုတိယမှာကြားချက်က ဒီတိုင်းဒေသ ကြီးနှင့်ပြည်နယ်က အစည်းအဝေးတိုင်းမှာ ကျွန်တော်မှာကြားတဲ့မှာကြားချက်က ဘာလဲလို့ဆိုရင် မင်းတို့တွေဟာ သက်ဆိုင်ရာတိုင်းဒေသကြီးတွေမှာ အကောင်းဆုံးသောအထောက်အပံ့ပေးသူအဖြစ် The Best Supporter ပဲဖြစ်ရမယ်။ အဲဒါဟာ ကျွန်တော် အဆင့်မြင့်ပညာဦးစီးဌာနမှာ ပါမောက္ခချုပ် လုပ်စဉ်ကတည်းက ကျွန်တော့်ရဲ့ ဝန်ကြီး၊ ဒုတိယဝန်ကြီးက မှာထားတဲ့အချက်ပါ။ အခုတော့ ပင်စင်ယူသွားတယ်။ ကျွန်တော့်ရဲ့ဆရာကြီးမှာတာပါ။ မင်းတို့တစ်တွေဟာ အစိုးရအဖွဲ့ဝန်ထမ်းတွေ ဖြစ်သော်လည်းပဲ သက်ဆိုင်ရာတိုင်းဒေသကြီးတွေမှာ မင်းတို့ကဘာဖြစ်ရမှာလဲ။ အကောင်းဆုံးသော Supporter ဖြစ်ရမယ်။ အထောက်အပံ့ပေးသူဖြစ်ရမယ်။ ဥပဒေနှင့်မညီရင် ဥပဒေနှင့်မညီတာကို

ထောက်ပြရဲတဲ့သူဖြစ်ရမယ်။ စောစောက ကျွန်တော်ပြောတဲ့စကားက ဆန္ဒာသုကတိ၊ ဘယာသုကတိ များသောအားဖြင့် လူတွေရဲ့မှားယွင်းချက်မှာ ဆန္ဒာသုကတိ၊ ဘယာသုကတိ။ ဒေါသတို့၊ မောဟတို့ ခဏလေးဖယ်လိုက်ပါဦး။ အများစုအားဖြင့် ကျွန်တော့်ဝန်ထမ်းတွေမှားမှားနေတာ ဒီတစ်ချက်မို့လို့ ကျွန်တော် အဓိက သတိပေးတာ။ စောစောကလိုပဲ လွှတ်တော်ကိုယ်စားလှယ်ကလာပြောလို့ မဖြစ်မနေ လုပ်လိုက်ရတယ်။ မင်းဥပဒေရှိရင်မလုပ်ပါနဲ့။ ဗဟိုအဖွဲ့ကိုတင်ပြပါ။ ဗဟိုအဖွဲ့ကနေ အဖွဲ့အစည်း အချင်းချင်း သက်ဆိုင်ရာကို ညှိနှိုင်းပါမယ်လို့ ပြောပါတယ်။ ကျွန်တော် တတိယမှာကြားတဲ့ အချက်ကတော့ Capacity Building ဖြစ် ပါတယ်။ မင်းတို့တစ်တွေဟာ ခုခေတ်ပြောင်းသွားပြီ။ အနေအထားပြောင်းသွားပြီ။ ဒါကြောင့်မို့လို့ မိမိ အရည်အသွေးကို မြှင့်တင်ပြီးတော့ သိအောင်လုပ်ပါ။ အစောင့်သည်အစောင့်တာဝန်ရှိတယ်။ ပါမောက္ခချုပ်သည် ပါမောက္ခချုပ်တာဝန်ရှိတယ်။ ကျွန်တော်တို့ ဒါအမြဲတမ်းသုံးဖြစ်တဲ့စကား။ ဝန်ကြီးသည်ဝန်ကြီးတာဝန်ရှိပါတယ်။ မိမိရောက်ရှိတဲ့နေရာမှာ မိမိကိုယ်ကိုတန်ဖိုးရှိအောင်လို့ ပြောတဲ့ဆိုတဲ့စကား။ ဒါလေးကို ကျွန်တော် အနည်းအကျဉ်းမျှဝေတာပါ။ ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့အတွက် တစ်ခါတလေကျတော့ ကျွန်တော်တိုင်းဒေသကြီးတွေကို ညှိတဲ့ အခါမှာ ဘယ်မှာဥပဒေက ဘယ်လိုဖြစ်နေလို့။ တိုင်းဒေသကြီးမှာပြဋ္ဌာန်းပါတယ်။ ဒီဥပဒေနဲ့ မညီပါဘူးဆိုလို့ရှိရင် ကျွန်တော့်ကို တိုင်ရပါ့မလားဆိုပြီးတော့ ပြောလိုက်တဲ့ကျွန်တော့်ရဲ့ တိုင်းမှူးကို၊ အမိန့်ခံတဲ့သူကို သူကသွားငြိုငြင်တာတွေ ထိတွေ့ရတယ်။ ဒါကြောင့်မို့လို့ ဒီစကားကို အခုလို လွှတ်တော်မှာပြောခွင့်ရတုန်း ကျွန်တော် တိတိကျကျပြောတာ။ ဒီဟာလေးကို ပြောချင်ပါတယ်။ ဒီတော့ ကျွန်တော်နဲ့ပတ်သက်တဲ့ စောစောကအဖြေနဲ့ပတ်သက်တဲ့ဟာကို ကျွန်တော်ပြန်ဖြေပါ့မယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးတဲ့နေရာမှာ ကျေးရွာဘဏ်ကော်မတီတွေ စနစ်တကျဖွဲ့စည်းတဲ့နေရာမှာ သွားရောက်ပြီးတော့ ထုတ်ချေးဖို့ဆိုပြီးတော့ ပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားမယ်ဆိုရင် ပထမဦးဆုံး သမိုင်းကြောင်းလေးနည်းနည်းလေးတော့ စပြောချင်ပါတယ်။ အဲဒါကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဆိုတာ ဘဏ်စတည်ထောင်ချိန်မှ ၁၉၉၃-၁၉၉၄ ခုနှစ်ထိ ကျေးရွာဘဏ်ရဲ့အာမခံချက်နဲ့ ကျေးရွာဘဏ်မှတစ်ဆင့် အိမ်တိုင်ရာရောက်ထုတ်ချေးတဲ့စနစ်ကို ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ အဲဒီကာလက မိုးစပါးတစ်ဧကကို စိုက်ပျိုးစရိတ်ထုတ်ချေးတဲ့ငွေဟာ ဒေသ အလိုက် ကျပ် ၁၆၀ မှ ကျပ် ၄၀၀ အထိသာဖြစ်ပါတယ်။ ၃-၃-၁၉၉၃ ရက်နေ့မှာကျင်းပတဲ့ အစိုးရအဖွဲ့ အစည်းအဝေးမှာ ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်အရ ဘဏ်ကို တောင်သူလယ်သမားများကိုယ်တိုင်

လာရောက်ချေးယူပေးဆပ်စေသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်းပဲ ရုတ်ချည်းပြောင်းလဲခဲ့ခြင်းလည်းမဟုတ်ပါဘူး။ အဲဒီကာလပြောင်းလဲစဉ်တုန်းက သုံးနှစ်ခန့်အချိန်ယူပြီး တစ်စတစ်စနဲ့ပြောင်းလဲခဲ့ခြင်းဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ဧက ၂၀ နှင့်အထက်ကို ဘဏ်သို့ လာရောက်ချေးယူစေတာကစတင်ပြီး ဧက ၂၀ အောက်ကိုတော့ ယခင်အတိုင်း ကျေးရွာဘဏ်များမှ တစ်ဆင့် ထုတ်ချေးပေးခဲ့တာပဲ ဖြစ်ပါတယ်။ ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်မှစ၍ ငွေချေးသူအားလုံးဟာ ဘဏ်မှာလာရောက်ပြီး ချေးယူစေခဲ့တာမှန်ပေမယ့်လည်းပဲ လိုအပ်တယ်ဆိုလို့ရှိရင် နယ်လှည့်ဘဏ် လုပ်ငန်းလုပ်ခွင့်ပေးထားခဲ့တာလည်း ပါဝင်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်၊ မိုးကြိုချေးငွေမှစပြီး နယ်လှည့်ဘဏ်လုပ်ငန်းကို ရပ်ဆိုင်းခဲ့ပါတယ်။ ကျေးရွာဘဏ်စနစ်နဲ့ဆောင်ရွက်တဲ့နေရာမှာ ကျေးရွာဘဏ်ဖွဲ့စည်းမှုများကို မြို့နယ်ဘဏ်ခွဲက ပြုစုတင်ပြပြီး ဘဏ်ရုံးချုပ်မှ အသိအမှတ်ပြုရပါတယ်။ ငွေချေးလိုသူများဟာ ကျေးရွာဘဏ်အဖွဲ့ဝင်အဖြစ်နဲ့ လျှောက်ထားရမှာဖြစ်ပြီး ကျေးရွာဘဏ်မှာ အစုရှယ်ယာ ဝယ်ယူကြရပါတယ်။ ၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်က အစုရှယ်ယာတစ်ခုရဲ့တန်ဖိုးဟာ တစ်ကျပ်ဖြစ်ပါတယ်။ အနည်းဆုံးအစုရှယ်ယာ ၁၀ စုကို ဝယ်ယူရပါတယ်။ ကျေးရွာဘဏ်ရဲ့ အရေးအရာကိစ္စများကို ဆောင်ရွက်နိုင်ရန် ကျေးရွာဘဏ်အဖွဲ့ဝင် တောင်သူလယ်သမားများထဲမှ အများစိတ်ကြိုက် ရွေးကောက်တင်မြှောက်သော ကျေးရွာဘဏ်ကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ရပါတယ်။ ကျေးရွာဘဏ်စနစ်အရ တောင်သူလယ်သမားပြန်လည်ပေးဆပ်တဲ့အတိုးငွေကို ရာခိုင်နှုန်းသတ်မှတ်ပြီး၊ နှစ်ပိုင်းခွဲပြီး တစ်ပိုင်းမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ဝင်ငွေစာရင်းကို ဝင်မှာဖြစ်ပြီး ကျန်တစ်ပိုင်းကတော့ ကျေးရွာဘဏ်ရဲ့အမြတ်ရန်ပုံငွေစာရင်းကို ဝင်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အတိုးနှုန်း ၁၈ ရာခိုင်နှုန်းဖြစ်တယ်ဆိုပါက ၁၃ ရာခိုင်နှုန်းဟာ ဘဏ်ရဲ့ဝင်ငွေကို စာရင်းဝင်မှာဖြစ်ပြီး ငါးရာခိုင်နှုန်းဟာ ကျေးရွာဘဏ်ရဲ့အမြတ်ရန်ပုံငွေစာရင်းကို ဝင်မှာဖြစ်ပါတယ်။ ၎င်းအမြတ်ရန်ပုံငွေစာရင်းမှာ ဘဏ်ကော်မတီလုပ်အားခ၊ နေ့တွက်၊ ခရီးစရိတ်စသည်ဖြင့် အသုံးပြုရပါတယ်။ တောင်သူများချေးငွေ ပြန်လည်ပေးဆပ်တဲ့နေရာမှာ ပေးဆပ်ငွေ၏သတ်မှတ်ရာခိုင်နှုန်းတစ်ရပ်ကို မဖြစ်မနေစုဆောင်းကြရပါတယ်။ ကျေးရွာဘဏ်စနစ်နှင့် ယခု လက်ရှိစနစ်တို့မှာ အားသာချက်၊ အားနည်းချက်တွေ အသီးသီးရှိနေပါတယ်။ ကျေးရွာဘဏ်စနစ်နဲ့ ငွေချေးတဲ့နေရာမှာ တောင်သူလယ်သမားတွေ ခရီးစရိတ်ကုန်ကျမှုတွေမရှိဘဲ ငွေချေးသည့်နေ့မှာ လုပ်ငန်းခွင်မပျက်ချေးငွေရယူနိုင်တဲ့ အားသာချက်ဟာ အဓိကအားသာချက်ဖြစ်ပါတယ်။ ယခုအဆိုမှာပါရှိတဲ့ မြို့နယ်ဘဏ်ခွဲတစ်ခုမှာ တောင်သူ

သောင်းနဲ့ချိ၍ထုတ်ယူနေရခြင်းများကြောင့် ဝန်ထမ်းအင်အား လွန်စွာနည်းပါးတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာလည်း လုပ်ငန်းများစွာ နှောင့်နှေးကြန့်ကြာလျက်ရှိပါတယ်။ ဒါ့ကြောင့် တောင်သူများမှာ စိုက်ပျိုးစရိတ်များကို အချိန်မီမရရှိမှုများကိုလည်းပဲ ကြုံတွေ့နေရပါတယ်ဆိုတဲ့အချက်နဲ့ စပ်လျဉ်းပြီးပြောရမယ်ဆိုရင် ဝန်ထမ်းအနေအထားက ၁၉၉၃ ခုနှစ်မှာ စုစုပေါင်း ၃၀၀၀ ဦးခန့်ရှိပါတယ်။ အဲဒီအချိန်က ၃၀၀၀ ဦးခန့်ရှိခဲ့ပေမယ့် လက်ရှိအနေအထားမှာတော့ ၂၄၂၀ ဦးပဲရှိပါတယ်။ ချေးငွေ ပမာဏဟာ ၁၉၉၃-၁၉၉၄ ခုနှစ်မှာ တစ်နိုင်ငံလုံးအတွက် မိုးဆောင်း၊ မိုးကြိုစုစုပေါင်းကျပ် နှစ်ဘီလီယံကျော်သာရှိပြီး ယခုလက်ရှိချေးငွေပမာဏကတော့ ကျပ် ၁၇၀၀ ဘီလီယံခန့်ဖြစ်ပါတယ်။ လက်ရှိငွေထုတ်ချေးနေတဲ့ ကျေးရွာအုပ်စုပေါင်း ၁၀၇၁၉ အုပ်စုရှိပြီး ငွေချေးယူသည့်လယ်သမား ဦးရေမှာလည်းပဲ ၁.၈၅ သန်းခန့်ရှိပါတယ်။ ထိုသို့များပြားလှတဲ့ ငွေပမာဏကိုသယ်ဆောင်ပြီး ဝန်ထမ်းများ ကျေးရွာအရောက်သွားရောက်တဲ့နေရာမှာ စာစောက ကိုယ်စားလှယ်ကြီးအချို့ တင်ပြတဲ့အတိုင်းပဲ ငွေကြေးလုံခြုံရေးတွေ၊ ဝန်ထမ်းလုံခြုံရေးမှာ အထူးအလေးထားစဉ်းစားဖွယ်ပဲဖြစ်ပါတယ်။ ၎င်းအပြင် ဝန်ထမ်းများအနေနဲ့ ကား၊ မော်တော်၊ လှေ၊ သမ္ဗာန်စသည်ဖြင့် အလျဉ်းသင့်သလို ငှားရမ်းသွားလာရမည်ဖြစ်တဲ့အတွက် Transportation Charges များလည်း တက်ရောက်လာမှာ ဖြစ်ပါတယ်။ ဘဏ်ရုံးတွင်ငွေချေးပါက တစ်နေ့တည်းမှာနှစ်ရွာ၊ သုံးရွာချေးပေးနိုင်ပေမယ့်လည်း ရွာဆင်းချေးပါက ရုံးနောက်ချန်အဖွဲ့ကိုလည်းပဲ ချန်ထားပေးရဦးမှာဖြစ်ပါတယ်။ ချေးနိုင်တဲ့ပမာဏ ရာခိုင်နှုန်းနည်းသွားနိုင်တယ်လို့လည်းပဲ ယူဆရပါတယ်။

တစ်ဖက်ကငွေချေးနေသကဲ့သို့ တစ်ဖက်ကလည်း အချိန်စေ့လို့ ချေးငွေလာရောက်ပေးဆပ်မှုများကိုလည်း လက်ခံနေရပါတယ်။ ဝန်ထမ်းဦးရေ ၂၄၂၀ ဦးအနက် နယ်ဝန်ထမ်းဦးရေမှာ ၂၀၇၃ ဦးဖြစ်တဲ့အပြင် ၎င်းမှ ပြည်နယ်/တိုင်းဒေသကြီးဘဏ်ခွဲမှာရှိတဲ့ ဝန်ထမ်းဦးရေ ၁၆၇ ဦးကို နုတ်မည်ဆိုပါက မြို့နယ်ဝန်ထမ်းဦးရေမှာ ၂၀၀၄ ဦးသာလျှင်ဖြစ်ပါတယ်။ မြို့နယ်ဘဏ်ခွဲအရေအတွက်မှာ ၂၀၈ ဘဏ်ရှိသဖြင့် ဘဏ်ခွဲတစ်ခု၏ ပျမ်းမျှဝန်ထမ်းဦးရေမှာ ၁၀ ဦးခန့်သာဖြစ်ပါတယ်။ ၎င်းဦးရေထဲမှာ နေ့စဉ်စာရင်းပိတ်လုပ်ငန်းဆောင်ရွက်ရတဲ့ စာရင်းကိုင်ဝန်ထမ်း၊ လက်နှိပ်စက်၊ ကွန်ပျူတာဝန်ထမ်းအပြင် ညစောင့်ဝန်ထမ်းများလည်း ပါဝင်လျက်ရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ လက်ရှိဝန်ထမ်းဖွဲ့စည်းပုံကို ၃၄၃၆ ဦးကနေမှ လက်ရှိဝန်ထမ်းအင်အားမှာ ၂၄၂၀ ဦးဖြစ်တဲ့အတွက် လက်ရှိမှာ ၁၀၁၆ ဦး လစ်လပ်လျက်ရှိပါတယ်။ အထက်ဖော်ပြပါလုပ်ငန်းအခြေအနေများအရ လက်ရှိဝန်ထမ်းဖွဲ့စည်းပုံအရ အင်အားကိုပင်လျှင် နှစ်ဆခန့်ထပ်မံတိုးမြှင့်ဖို့ လိုအပ်သွားမှာလည်းဖြစ်ပါတယ်။

**မူကြမ်း**

သို့အတွက် ဌာနရဲ့အသုံးစရိတ်မှာလည်း နှစ်ဆခန့်ပိုမိုလာနိုင်မှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့အတွက် မိမိဌာနဝန်ထမ်းများရဲ့လစာအပါအဝင် အသုံးစရိတ်ကို မိမိဘာသာရှာဖွေရပြီး တောင်သူလယ်သမားများထံမှရရှိတဲ့ စိုက်ပျိုးစရိတ်ချေးငွေက အတိုးမှရယူရတာဖြစ်ပါတယ်။ သို့ပါ၍ အင်အားတိုးမြှင့်လာပါက အသုံးစရိတ်မှာလည်း ပိုမိုလိုအပ်တဲ့အတွက် တောင်သူလယ်သမားများကို ထုတ်ချေးပေးငွေကို ယခုကဲ့သို့ အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေး၍မရတော့ဘဲ အတိုးနှုန်းထားကို တိုးမြှင့်ကောက်ခံရမယ့်အခြေအနေတွေလည်းပဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေကို အချိန်မီရရှိမှု/မရရှိမှုတို့မှာ အဓိကအားဖြင့် အချက်နှစ်ချက်ပေါ်မှာမူတည်ပါတယ်။ ချေးငွေရန်ပုံငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးယူခွင့်ရရှိတဲ့အချိန်ကာလနှင့် ချေးငွေများကို တောင်သူလယ်သမားများ ပြန်လည်ပေးဆပ်သည့်အခြေအနေတို့ဖြစ်ပါတယ်။ ဥပမာ ယခုဘဏ္ဍာနှစ်မှာ မတ်လအစောပိုင်းကပင် ချေးငွေရန်ပုံငွေကို စတင်ပြီးတော့တင်ပြတောင်းခံခဲ့ပေမယ့်လည်းပဲ မေလ ၁၃ ရက်နေ့မှာ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ခွင့်ပြုစာ ရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ တွင်လည်းပဲ မေလနောက်ပိုင်းမှာမှ ခွင့်ပြုချက်ရရှိခဲ့တယ်လို့ သိရပါတယ်။ မိုးချေးငွေထုတ်ချေးတဲ့ကာလကို ယခင်က ဧပြီလမှဩဂုတ်လအထိ သတ်မှတ်ခဲ့ပြီး ဧပြီလနောက်ပိုင်းချေးငွေမှစတင်ချေးခဲ့တာဖြစ်ပါတယ်။ မေလ၊ ဇွန်လ၊ ဇူလိုင်လအတွက် ချေးငွေအများစုကိုထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ တောင်သူများ အပေးအဆပ်နောက်ကျလာပြီး ၎င်းတို့ပြေလည်မှုကို ဘဏ်ကစောင့်ဆိုင်း၍ချေးနေရတဲ့အတွက် အဆိုပါအချက်ကိုအခြေခံပြီး ချေးငွေရန်ပုံငွေနောက်ကျလာခြင်းများကြောင့် ချေးငွေကာလကို မေလမှ စက်တင်ဘာလသို့ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးတဲ့နေရာမှာ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော တောင်သူများပိုင်ပစ္စည်းများ၊ အိုးအိမ်ခြံမြေများကို အာမခံရယူထားခြင်းမရှိဘဲ ၎င်းတို့နှစ်သက်တဲ့အချင်းချင်းပူးတွဲပြီး အာမခံတဲ့ Group Liability စနစ်ကိုသာကျင့်သုံးပြီးတော့ ထုတ်ချေးခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ အစုအဖွဲ့အာမခံစနစ်ဖြင့်ချေးခြင်းလုပ်ငန်းကို ဆောင်ရွက်တာဖြစ်သော်လည်းပဲ ၂၅-၈-၂၀၁၆ ရက်နေ့အထိစာရင်းအရ ၂၀၁၂ ခုနှစ် မိုးချေးငွေမှစပြီး ၂၀၁၅ ခုနှစ် ဆောင်းချေးငွေထိ အချိန်စေ့ရောက်ပြီး ကြွေးမကျေသေးတဲ့တောင်သူလယ်သမားများရဲ့ ငွေကြေးဟာဆိုရင် ၈၅.၂၇ ဘီလီယံပေါ်ထွက်လျက်ရှိပါတယ်။ ဘဏ်မန်နေဂျာများဟာ မြေခွန်တော်ဥပဒေအရ အရေးယူဆောင်ရွက်ခွင့်ရှိသည်ဆိုသော်လည်းပဲ ကြွေးကျန်သူရဲ့ အိုးအိမ်ပစ္စည်းများကို နို့တစ်ထုတ်၊ ဝရမ်းကပ်၊ လေလံတင်ရောင်းချတဲ့နေရာမှာ

မိမိဌာနနှင့်မပြီးဘဲ တရားရုံး၊ အုပ်ချုပ်ရေးဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုများလည်းလိုအပ်သဖြင့် လက်တွေ့တွင် ထိုသို့လုပ်ဆောင်ရန် တောင်သူလယ်သမားများကို ငဲ့ညှာရခြင်းအပါအဝင် အခက်အခဲများစွာရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ဘဏ်အနေနဲ့ အလွန်များပြားတဲ့ငွေပမာဏဖြစ်တဲ့ ဘီလီယံပေါင်းများစွာသော နိုင်ငံတော်ငွေကြေးများအတွက် ဖြစ်နိုင်သရွေ့အတိုင်းအတာအတွင်းမှာ ၎င်းတို့အချင်းချင်း ပူးတွဲအာမခံမှုကို ရယူဆောင်ရွက်ခဲ့ရခြင်းပဲဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ ယခုအဆိုပြုချက်တင်ပြတဲ့ ကိုယ်စားလှယ်တော်ကြီးကဲ့သို့ပင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကနေပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ရဲ့ ၈-၄-၂၀၁၆ ရက်နေ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့နေရာမှာလည်း ကျေးရွာဘဏ်မှတစ်ဆင့် ကျေးရွာအရောက်ငွေချေးပေးရန် ဆွေးနွေးချက်များရှိခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ အကြံပြုချက်များကိုလည်း လက်ခံရရှိခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ဌာနရဲ့လက်ရှိအခက်အခဲများမှာ လက်ရှိဝန်ထမ်းအင်အားဖြင့် လုံလောက်မှုမရှိခြင်း၊ ဝန်ဆောင်စရိတ်တိုးမြှင့်ခြင်းကို ကာမိစေရန်အတွက် အတိုးနှုန်းမြှင့်တင်ရမည်ဖြစ်ခြင်း၊ လက်ရှိချေးငွေပမာဏမှာများပြားသဖြင့် ငွေကြေးလုံခြုံရေးကိစ္စရပ်များ အတိုင်းအတာတစ်ခုဖြင့် ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ခြင်း၊ ဘဏ်၏မတည်ငွေရင်းမှာ နည်းပါးခြင်းကြောင့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှတစ်ဆင့် ချေးယူရခြင်းတို့ကို တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေသုံးသပ်ချက်များပဲ ဖြစ်ပါတယ်။ အဲဒီသုံးသပ်ချက်များပြီးတဲ့နောက်မှာ ကျွန်တော်တို့ရဲ့ ဒီဟာနဲ့ပတ်သက်လို့ ဆောင်ရွက်ချက်ကို တင်ပြမှာဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော် ပြည်ထောင်စုဝန်ကြီးတာဝန်ကိုယူစဉ်ကာလကတည်းက လက်ရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ကို သွတ်သွင်းပါဆိုတဲ့အကြံဉာဏ်ကို ပညာရှင်တစ်ဦးဆီကနေရေးတဲ့စာရပါတယ်။ ပညာရှင်သည် ကျွန်တော့်ဆီမှာပေးတာမဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရအဖွဲ့ အဆင့်ထိကို ပေးတဲ့အတွက် ဒီလုပ်ငန်းကြီးဆောင်ရွက်တဲ့အစီအစဉ်ကို အရှိန်အဟုန်မြှင့်ပြီး ကျွန်တော်တို့တစ်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆောင်ရွက်ချက်နှင့်အတူ ပေါ်ထွက်လာတဲ့ရလဒ်ကတော့ စောစောကပြောတဲ့အထဲမှာ ကျွန်တော်မချီးကျူးမဖြစ်တဲ့ပုဂ္ဂိုလ်နှစ်ဦးရှိပါတယ်။ အဲဒါကတော့ ဦးမျိုးဇော်အောင်၊ ကောလင်းနှင့် ဗိုလ်မှူးကျော်မင်းဟန်ဖြစ်ပါတယ်။ သူတို့တစ်တွေ စဉ်းစားတဲ့စဉ်းစားချက်များသည် ဘာကြောင့် ကျွန်တော်ချီးကျူးတာလဲဆိုတော့ ကျွန်တော့် ပုဂ္ဂလိကချီးကျူးတာပါ။

ထောင့်စေ့ပတ်စေ့နဲ့စဉ်းစားပြီးတော့ တွေးခေါ်ပေးလိုက်တဲ့ သူတို့တွေအကြံဉာဏ်ပါ။ အဲဒီအကြံဉာဏ်သည်လည်းပဲ ကျွန်တော်တို့ ၅-၁၂-၂၀၁၆ ရက်နေ့မှာကျင်းပတဲ့ စီးပွားရေးကော်မတီမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတင်ပြလိုက်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာပါတာတွေနဲ့ Involue ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တစ်တွေ နောင်လာမယ့်ဘဏ္ဍာရေးနှစ်ရဲ့အစဖြစ်တဲ့ ၁-၄-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ရဲ့ဘဏ်ကြီးကို မည်ကဲ့သို့မည်ပုံဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်သစ်ကြီးကို ချမှတ်ဖို့ရာအတွက် ၅-၁၂-၂၀၁၆ မှာကျင်းပတဲ့ စီးပွားရေးကော်မတီမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက နည်းလမ်းအသွယ်သွယ်ကိုတင်ပြခဲ့ပြီးဖြစ်တဲ့အတွက် အခု လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြလျက်ရှိသော Input များကိုပါ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆက်လက်ပေးပို့ဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြရင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို မှတ်တမ်းတင်ဖို့ရာအတွက် ပြောကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှာ (၂၈-၁၁-၂၀၁၆ ရက်နေ့)မှာ ကျွန်မရဲ့အဆိုကို တင်သွင်းခဲ့တာဖြစ်ပါတယ်။ ယခုကျွန်မရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးတာရော၊ ဝေဖန်ပိုင်းခြားပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ပြည့်စုံစွာဖြည့်စွက်ဆွေးနွေးပေးတဲ့ ကျွန်မတို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးလုံးကို ကျေးဇူးတင်ပါကြောင်း ပထမဦးစွာ ပြောကြားလိုပါ တယ်။ ဒါ့အပြင် ကျွန်မတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကနေပြီးတော့ ကျွန်မတို့ရဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေကို ချေးတဲ့ပုံစံနဲ့ပတ်သက်ပြီးတော့ သမိုင်းကြောင်းကစပြည့်ပြည့်စုံစုံရှင်းလင်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ နောင်ကိုဘယ်လို ဆက်ပြီးတော့ဆောင်ရွက်ပေးမယ်ဆိုတာတွေကို ရှင်းလင်းပြောကြားပေးတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

ကျွန်မအနေနဲ့ ကျွန်မရဲ့သဘောထားကို ပြောကြားရမယ်ဆိုရင် ကျွန်မက ဒါသည် ကျွန်မတို့တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားအများစုရဲ့ အမှန်တကယ်ကြုံတွေ့နေရတဲ့၊ ကြုံတွေ့နေဆဲဖြစ်တဲ့ အခက်အခဲ အဓိကသွင်းအားစုတွေအားလုံးမှာ တစ်ခုတည်းသော အားထားစရာဖြစ်တဲ့ ကျွန်မတို့ရဲ့ စိုက်ပျိုးစရိတ်ချေးငွေကို ဘယ်လိုမျိုးလွယ်လွယ်ကူကူအချိန်မီရရှိနိုင်မလဲ။ ဘယ်လိုမျိုးစရိတ် အကုန်အကျသက်သာစွာနဲ့ ရရှိနိုင်မလဲဆိုတဲ့ ကျွန်မတို့တောင်သူတွေရဲ့ခံစားချက်နဲ့ ထပ်တူခံစားပြီးတော့ ကျွန်မဒီအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ဒီအဆိုမှာပါတဲ့ အကြောင်းအရာအချက်အလက်နှစ်ချက်ကို အဓိကလုပ်ပေးမယ်ဆိုရင် ကျွန်မတို့ရဲ့ ဝန်ကြီးဌာနအနေနဲ့၊ ကျွန်မတို့ရဲ့အစိုးရအနေနဲ့ အခက်အခဲတွေရှိမယ်ဆိုတာကိုလည်း ကျွန်မတို့ ကြိုတင်မျှော်လင့်ပြီးတော့ ဌာနဆိုင်ရာများနှင့်လည်း ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ခက်ခဲမယ်ဆိုတာကိုလည်းလက်ခံပါတယ်။ တောင်သူတွေကိုလည်း ဒီလိုအခြေအနေရှိနိုင်တယ်ဆိုတာပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ကြီးပြောကြားတဲ့အထဲမှာ ကျွန်မတို့ နည်းနည်းတော့လွဲပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က ဒီကျေးရွာဘဏ်တွေဖွဲ့စည်းလိုက်ပြီးတော့ ဘဏ်စီးပွားရေးစနစ်ကို လုပ်ချင်တာမဟုတ်ပါဘူး။ အဲဒီလိုမျိုးလုပ်မယ်ဆိုရင် အတိုးတွေတက်သွားမယ်ဆိုရင် ကျွန်မတို့ရဲ့တောင်သူတွေက ပိုပြီးတော့ အတိုးကြီးတဲ့ပြဿနာထပ်လည်းဖြစ်လာနိုင်တာပေါ့။ ဒါကြောင့်မို့လို့ ဒီမိုကရေစီခေတ်မှာ ကျေးရွာဘဏ်ကော်မတီကို စနစ်တကျ ပြည်သူရဲ့ဆန္ဒအရ ဒီမိုကရေစီနည်းကျကျနဲ့ ကျွန်မတို့က ရွေးချယ်ပြီးတော့ဒီကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကိုလာမယ်။ ကျွန်မတို့ရဲ့ ပြည်သူတွေကနေပြီးတော့ တာဝန်ခံပြီးတော့ ချေးမယ်။ လုံခြုံရေးအတွက်လည်း တပ်မတော်သားကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စနစ်တကျချိတ်ဆက်ဆောင်ရွက်ပြီးတော့ ကျွန်မတို့ကဒီလိုဆောင်ရွက်ချင်တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒါအခုအချိန်မှာတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဒါကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ဆက်ပြီးတော့ ဆွေးနွေးတိုင်ပင်ဆောင်ရွက်နေတယ်။ ကျွန်မတို့ကိုယ်စားလှယ်များရဲ့ ပြည်သူ့အသံ၊ ပြည်သူ့ခံစားချက်၊ တောင်သူများရဲ့ခံစားချက်အားလုံးကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် ဆွေးနွေးပြီးဖြစ်တဲ့အတွက် ဒီ Input တွေလည်း အများကြီးရသွားတဲ့အခါ နောင်ဆွေးနွေးတဲ့ဆွေးနွေးပွဲတွေမှာ Outcome တွေအများကြီးရပြီး ကျွန်မတို့ တောင်သူတွေအတွက် တကယ့်အကျိုးရှိမယ့် Impact တွေရလာမယ်လို့လည်း မျှော်လင့်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ ကျွန်မတို့ တောင်သူများရဲ့အကျိုးအတွက် တစ်နိုင်ငံလုံးရဲ့ တကယ်တိုးတက်ဖို့ တောင်သူလယ်သမားတွေ တကယ်

စီးပွားရေးတိုးတက်လာမှာ ဖြစ်မှာဖြစ်တဲ့အတွက် ဒီအနည်းဆုံး တစ်ခုတည်းသော ကျွန်မတို့ စိုက်ပျိုးစရိတ်ချေးငွေကို ဘယ်လိုအဆင်ပြေအောင် လုပ်ပေးပါမလဲဆိုတဲ့ဟာကိုလည်း ဆက်လက်ပြီးတော့ စောင့်ကြည့်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအကြံပြုသလိုပဲ ကျွန်မတို့ကလည်း လောလောဆယ်အနေအထားအရ ကျွန်မရဲ့ အဆိုကို မှတ်တမ်းတင်ဖို့လက်ခံပါတယ်။ မှတ်တမ်းတင်ရုံနဲ့တော့ မပြီးပါဘူး။ တောင်သူတွေဟာ အခုဟာ အဆင်မပြေတာဖြစ်တဲ့အတွက် ဘယ်လိုမျိုး ဆက်လက်အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမယ်ဆိုတာကိုလည်း ပြည်ထောင်စုလွှတ်တော်ကြီးကနေတစ်ဆင့် ဆက်လက်စောင့်ကြည့်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၇ ဦးက ဆွေးနွေးပြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန် ပြောသွားပေမယ့်လည်း နောက်ဆုံးကျတော့ မှတ်တမ်းတင်ရုံတင်မကဘဲနဲ့ စောင့်ကြည့်ပေးဖို့ဆိုပြီးတော့ လွှတ်တော်ကိုတင်သွင်းထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် (သောကြာနေ့)

**မူကြမ်း**

နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**